မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်၊ ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာ ၁၆ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၈)၊ အမှတ်(၇၇)

မာတာပိတု ဥပဋ္ဌာန် တော် မင်္ဂလ မုတ္တမံ

မိဘကို လုပ်ကျွေးပြုစုခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ထွန်းဖောင်ဒေးရှင်းဘဏ်၏

၂၀၀၈ ခုနှစ်၏ အကောင်းဆုံးပန်းချီကားများ ပြပွဲ၊ ပြိုင်ပွဲ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဖွင့်လှစ်ပေး

ပန်းချီကားများ ကြည့်ရှုအားပေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဧည့်သည်တော်များ ထွန်းဖောင်ဒေးရှင်းဘဏ်က စီစဉ်ကျင်းပပြီး မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)က ပါဝင်ကူညီသည့် **Tun Foundation Bank Best Paintings of The Year 2008** ပြပွဲ၊ ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားအပြီးတွင် ပြိုင်ပွဲဝင် ပန်းချီကားများကို ကြည့်ရှုအားပေးကြစဉ်။ (မြန်မာ့အလင်း)

- သတင်းမြင်ကွင်း - မောင်မောင်မြင့်ဆွေ
- ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)
- စာမျက်နှာဖွဲ့စည်းမှု - ဟန်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဒီဇင်ဘာ ၁၅

မြန်မာတို့၏ ပန်းချီအနုပညာကို နိုင်ငံတကာနယ်ပယ်တွင် ပေါ်လွင်ထင်ရှားစေရန်၊ ထူးချွန်သော မျိုးဆက်သစ်ပန်းချီပညာရှင်များ ပေါ်ထွက်လာစေရန်၊ မြန်မာ့ယဉ်ကျေးမှုနှင့် ရေမြေတောတောင်သဘာဝများကို ပြည်သူများ ခံစားသိရှိကြစေရန်အပြင် ခေတ်ပြိုင်ပန်းချီအနုပညာများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ပန်းချီအနုပညာဖြင့် မြန်မာတို့၏ ယဉ်ကျေးမှုဂုဏ်ဒြပ်ကို ပိုမိုထွန်းပြောင်လာစေရန်ဟူသော ရည်ရွယ်ချက်ဖြင့် ထွန်းဖောင်ဒေးရှင်းဘဏ်က စီစဉ်ကျင်းပပြီး မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)က ပါဝင်ကူညီသည့် Tun Foundation Bank Best Paintings of TheYear 2008 ပြပွဲ၊ ပြိုင်ပွဲဖွင့်ပွဲကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စည်ပင်လမ်းသစ်ရှိ မြန်မာနိုင်ငံဘဏ်များအသင်းအဆောက်အအုံ၌ ဒီဇင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ *

၂၀၀၈ ခုနှစ် သတ္တမအကြိမ်မြောက် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပွဲတော် ဖွင့်ပွဲကျင်းပ

၂၀၀၈ ခုနှစ် သတ္တမအကြိမ်မြောက် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ်ရှိ ရတနာပုံတယ်လီပို့ အဆောက်အအုံရှေ့ မျက်နှာစာ၌ကျင်းပစဉ်။ (သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၁၅

၂၀၀၈ ခုနှစ် သတ္တမအကြိမ်မြောက် မြန်မာအိုင်စီတီရက်သတ္တပတ်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ်ရှိ ရတနာပုံတယ်လီပို့ အဆောက်အအုံရှေ့ မျက်နှာစာ၌ကျင်းပရာ နိုင်ငံတော်အကြီးအကဲ၏ခရီးစဉ်၌ အဖွဲ့ဝင်များအဖြစ် လိုက်ပါလာသော အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ တက်ရောက်ကြပြီး အိုင်တီပြခန်းများကို ကြည့်ရှုအားပေးကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်)

ခံယူချက်မြင့်မားၡ စွမ်းရည်ထက်မြက်သည့် နိုင်ငံသားများဖြစ်ရန် ကြိုးပမ်း လူ့စွမ်းအားအရင်းအမြစ်များ စွမ်းဆောင်ရည်မြင့်မားရေး လမ်းညွှန်တည့်မတ်ပုံဖော်ပေး

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရာတွင် ပညာရေးကဏ္ဍမှ ဆရာ ဆရာမများသည် ကဏ္ဍအသီးသီး၏ အဓိကလိုအပ်ချက်ဖြစ်သော လူသားအရင်းအမြစ်များ စွမ်းဆောင်ရည်မြင့်မားစေရေးအတွက် ပြုစုပျိုးထောင်ပေးနေသည့် အမျိုးသားရေး အင်အားစုကြီးများပင် ဖြစ်သည်။

ဆရာ ဆရာမများသည် နိုင်ငံတော်၏ အတိတ်သမိုင်းကြောင်း သင်ခန်းစာများ၊ မျက်မှောက်ကာလ နိုင်ငံတော်သစ်ထူထောင်ရေး ကြိုးပမ်းဆောင်ရွက်ချက်များ၊ အနာဂတ်ကာလ အမျိုးသားရေးမျှော်မှန်းချက်များကို အလေးအနက် သိမြင်လာသည်နှင့်အမျှ အမျိုးသားရေးယုံကြည်ချက်၊ ခံယူချက်သဘောထားများ ပိုမိုခိုင်မာမြင့်မားလာမည် ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် အခြေခံအမွေခံကောင်းများကို လမ်းခင်းပေးလျက်ရှိသည်။

နိုင်ငံတော်၏ ရေမြေသယံဇာတများကို စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုလုပ်ငန်းများ၌ အကျိုးရှိရှိ အသုံးချနိုင်ရေး ဖော်ဆောင်ပေးသကဲ့သို့ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဆောင်ရွက်ပေးခဲ့ရာမှာ ပြည်ထောင်စုတစ်ဝန်းလုံး၏ ပညာရည်အဆင့်အတန်းသည် ဆယ်စုနှစ် နှစ်ခုကာလအတွင်း အသွင်သဏ္ဌာန်ပိုင်းနှင့် အနှစ်သာရပိုင်းပါ တိုးတက်ပြောင်းလဲ လာခဲ့ပြီဖြစ်သည်။

၂၁ရာစုသည် လူမှုစီးပွားရေးဆိုင်ရာ စိန်ခေါ်မှုအမျိုးမျိုး စဉ်ဆက်မပြတ် ပေါ်ပေါက်နေချိန်ဖြစ်ရာ ဆရာ ဆရာမများသည် လူငယ်များ၏ ဝါသနာ၊ ဗီဇ အလားအလာကောင်းများနှင့် ကိုက်ညီမည့် ဘာသာရပ် နယ်ပယ်အလိုက် ဦးတည်တည့်မတ်ပေးနိုင်ပြီး နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် အသိပညာနှင့် အတတ်ပညာရှင်များ ပေါ်ထွန်းရေးကို စွမ်းဆောင်ပေးကြရမည် ဖြစ်ပေသည်။

နိုင်ငံတော်၏ အနာဂတ်ကို ဖန်တီးပုံဖော်ပေးနေသည့် ဆရာ ဆရာမများသည် စည်းရုံးရေးခေါင်းဆောင်များပီပီ ကျယ်ပြန့်သည့်နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအဖြစ် စစ်မှန်သည့် အမျိုးသားရေးရပ်တည်ချက်နှင့် ခိုင်ကျည်မြဲမြံသည့် ကိုယ်ကျင့်တရားများထားရှိပြီး ပညာရေးလုပ်ငန်းစဉ်များအပေါ် ကြိုးပမ်းအကောင်အထည်ဖော်သွားကြရမည် ဖြစ်သည်။

ခံယူချက်မြင့်မားပြီး တာဝန်ကျေပွန်သည့် နိုင်ငံသားများသည် နိုင်ငံတော်၏ စွမ်းရည်စွမ်းအားများပင်ဖြစ်ပေရာ ပညာတတ် လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွန်းပြီး အမျိုးသားရေးတာဝန်ကျေပွန်သည့် နိုင်ငံသားများဖြစ်ထွန်းလာရေးအတွက် ဆရာ ဆရာမများက လမ်းညွှန်တည့်မတ်ပုံဖော်ပေးကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စေတနာညကျောင်းဖွင့်ပွဲနှင့် အလှူငွေပေးအပ်

ရန်ကုန် ဒီဇင်ဘာ ၁၅

ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ အလုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ စေတနာညကျောင်း ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၀ရက် နံနက် ၉နာရီက အလုံမြို့နယ်ခန်းမ၌ ကျင်းပသည်။

လက်ခံ

အခမ်းအနားတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြင်မြိုင်က အဖွင့်အမှာစကား ပြောကြားပြီး အေးရှားဝေါလ်ကုမ္ပဏီမှ အလှူငွေကျပ်၁၀သိန်း၊ သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းမှ အလှူငွေကျပ်ခုနစ်သိန်းငါးသောင်း၊ အလုံမြို့နယ်အတွင်းရှိ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများမှ အလှူငွေကျပ် နှစ်သိန်းနှစ်သောင်း၊ အလုံမြို့နယ် ဆင်မင်းရပ်ကွက်နေ ဦးအောင်ဇော်မိုးက အလှူငွေကျပ်နှစ်သိန်း၊ စောရန်ပိုင်တောင်ရပ်ကွက်နေ ဦးဘိုဘိုဆန်း မိသားစုက အလှူငွေကျပ်တစ်သိန်းငါးသောင်း လှူဒါန်းရာ စုစုပေါင်း အလှူငွေကျပ် နှစ်ဆယ့်သုံးသိန်းနှစ်သောင်းကို လက်ခံယူသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အလုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်အေးအေးယုက ၂၀၀၈ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်များနှင့် စေတနာညကျောင်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၁၆–၁၂–၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	အမျိုးသားရေးတေးကဗျာ
၄း၁၅	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၂၅	၅။	အလွမ်းတေးပန်းချီချစ်သူဆီ
၄း၄၀	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅း၀၀	၇။	မျိုးချစ်တပ်မတော်
၅း၂၀	၈။	မြန်မာသံစဉ်ချိုနားဝင်
၅း၃၀	၉။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၅၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၄။	လျှပ်တစ်ပြက်
၆း၃၅	၁၅။	ကလေးတို့ကမ္ဘာ ပျော်ရွှင်စရာ
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကျွန်တော်တင်တဲ့မင်းသမီး** (အပိုင်း–၅)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ
	၂၁။	မွေးမြူသုတ
	၂၂။	ဗွီစီဒီကျော်ကြားတေးများ
	၂၃။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရွှေမင်းသမီးရဲ့ဖူးစာ** (အပိုင်း–၃၄) ဇာတ်သိမ်းပိုင်း

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် လှည်းကူးမြို့နယ် သာယာကုန်းကျေးရွာအုပ်စု အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ရန်ကုန်မြောက်ပိုင်းခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၅

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် သာယာကုန်းကျေးရွာအုပ်စု အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ၁၃ရက် မွန်းလွဲ၂နာရီက အဆိုပါကျောင်းဆောင်သစ်၌ ကျင်းပရာ ရှေးဦးစွာ ကျောင်းဆောင်သစ်ဖွင့်ပွဲ အထိမ်းအမှတ်မှန်ဦးကို အလှူရှင် IBTC ကုမ္ပဏီလီမိတက်နှင့် အမှတ်(၃)အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဖွင့်လှစ်ပေး

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်အတွင်း ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ကျောင်းဆောင်သစ်လွှဲပြောင်းပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြား၍ အလှူရှင် IBTC ကုမ္ပဏီလီမိတက်က ကျောင်းဆောင်သစ် လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်ပညာရေးမှူးက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မှာကြား

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် လှည်းကူးမြို့နယ် ငမိုးရိပ်ရေလှောင်တမံသို့ ရောက်ရှိရာ ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက ရေပေးဝေရေး လျာထားဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ခံအင်ဂျင်နီယာက လမ်းများပြုပြင်ဆောင်ရွက်မှုကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှု

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ငမိုးရိပ်ရေလှောင်တမံ၏ ရေထိန်းမျှော်စင်မှနေ၍ ရေလှောင်တမံနှင့် ရေပိုလွှဲမှရေများ ငမိုးရိပ်ချောင်းအတွင်း ထုတ်လွှတ်နေမှု အခြေအနေများကို ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပန်းအလှပင်များ စိုက်ပျိုးမှု စစ်ဆေး

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် နိုဝင်ဘာ၂၈ရက်က ဆိပ်ဖြူမြို့အဝင် ဆိုင်းဘုတ် မြေယာရှုခင်း ပန်းအလှပင်များ စိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ဆွေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်အောင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မင်းကင်းမြို့နယ်စည်ပင် ရေပုတ်ချောင်းတံတား ဆောက်လုပ်မှုစစ်ဆေး

မင်းကင်း ဒီဇင်ဘာ ၁၅

မင်းကင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်မည့် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်သော ရေပုတ်ချောင်းတံတား ဆောက်လုပ်မည့်နေရာကို ခရိုင်ဥက္ကဋ္ဌ ဦးကြည်ဝင်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်ထင်မောင်မောင် ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

16-12 (02).pmd 1 12/16/2008, 1:22 AM

* ရှေ့ဖုံးမှ

ဖွင့်လှစ်ပေး

အခမ်းအနားတွင် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို) အတွင်းရေးမှူး ဦးကြည်ဝင်း (တူဒေး)က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး ထွန်းဖောင်ဒေးရှင်းဘဏ် ဥက္ကဋ္ဌ ဦးသိန်းထွန်းက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)

"မြန်မာ့ပန်းချီဟာ ကမ္ဘာ့ပန်းချီလောကအထိ ယှဉ်ပြိုင်ထိုးဖောက်လာလိမ့်မယ်လို့ ယုံကြည်နေပါတယ်"

ဦးသိန်းထွန်း
ဥက္ကဋ္ဌ၊ ထွန်းဖောင်ဒေးရှင်းဘဏ်

ဒုတိယဥက္ကဋ္ဌ(၁) ဦးသန့်စင်(ခ) ပန်းချီလှတင်ထွန်းက ပြပွဲနှင့် ပတ်သက်ပြီး အစီရင်ခံတင်ပြပြီးနောက် ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက Tun Foundation Bank Best Paintings of theYear 2008 ပြိုင်ပွဲ၊ ပြပွဲ ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။

စိတ်တိုင်းကျ

ယခုနှစ်ပြိုင်ပွဲ၌ ပန်းချီကားပေါင်း ၃၈၉ ချပ်ပါဝင်ပြသထားပြီး ၃ပေ×၄ပေ အရွယ်မှ ၄ပေ×၆ပေအရွယ်အထိ ရေဆေး၊ အခရိုင်းလစ်၊ ဆီဆေးတို့ဖြင့် ရေးဆွဲထားသော လက်ရာမြောက် ပန်းချီကားများကို တွေ့ရသည်။ ရေးနည်း ရေးဟန်နှင့် ဆေးအရောင်သုံးစွဲမှုများကို မသတ်မှတ်ထားဘဲ ပန်းချီဆရာများက စိတ်တိုင်းကျလွတ်လပ်စွာ ရေးဆွဲတင်ပြထားသဖြင့် အဆင့်အတန်းမြင့်သော၊ လက်ရာသန့်သော ပန်းချီကားချည်းများသာ ဖြစ်နေသည်။ ယခုပြသထားသည့် ပန်းချီကားများအနက်မှ အကောင်းဆုံးပန်းချီကားများကို စင်ကာပူမှ ပန်းချီအနုပညာရှင် သုံးဦး၊ မလေးရှားမှ ပန်းချီအနုပညာရှင် တစ်ဦးတို့ အပါအဝင် မြန်မာနိုင်ငံမှ ပန်းချီပညာရှင်ကြီးများ ပူးပေါင်းပါဝင် အကဲဖြတ်ရွေးချယ်ပေးကြမည် ဖြစ်သည်။

အတွေးအခေါ်

ဒီဇင်ဘာ ၁၅ရက်မှ ၂၀ ရက်အထိ ပန်းချီကားများကို ပြသထားမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုနိုင်သည်။ ဒီဇင်ဘာ ၁၈ ရက် ညနေ ၃ နာရီ၌ ဆုပေးပွဲအခမ်းအနားကျင်းပကာ ဆုများ ချီးမြှင့်ပေးမည် ဖြစ်သည်။ ယခုနှစ်၌ ပန်းချီဆရာတစ်ဦးလျှင် အများဆုံး ပန်းချီနှစ်ကားအထိ ဝင်ရောက်ပြသ ယှဉ်ပြိုင်သည်ဖြစ်ရာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)ကျောင်းဆင်း လူလတ်ပိုင်း ပန်းချီဆရာများ၏ လက်ရာကောင်းပြီး အတွေးအခေါ် စိတ်ကူးဆန်းသစ်သည့် ပန်းချီကားများကိုလည်း တွေ့ရသည်။

ယခုကဲ့သို့ ပန်းချီပြပွဲ၊ ပြိုင်ပွဲ ကျင်းပရမှုနှင့်ပတ်သက်ပြီး ထွန်းဖောင်ဒေးရှင်းဘဏ်ဥက္ကဋ္ဌ ဦးသိန်းထွန်းက **"မြန်မာနိုင်ငံ ပန်းချီလောကကြီး တိုးတက်မြင့်မားလာစေချင်လို့ပါပဲ၊ ကမ္ဘာမှာ ပန်းချီအနုပညာဟာ ဥရောပမှာပဲ ထွန်းကားခဲ့ပြီး အရှေ့တောင်အာရှ နယ်ပယ်မှာ တိုးတက်မြင့်မားမှု နှေးကွေးနေခဲ့ပေမယ့် ဒီနေ့အခြေအနေမှာ တစ်ရှိန်ထိုး တိုးတက်လာတာ တွေ့ရပါတယ်။ ပန်းချီပညာရှင်တွေရဲ့ အရည်အသွေးလည်း တိုးတက်မြင့်မားလာသလို ပညာပိုင်းမှာရော တန်ဖိုးပိုင်းမှာပါ အဆင့်အတန်း မြင့်မားလာနေပါပြီ၊ ဒါကြောင့် ကမ္ဘာ့ပန်းချီလောက ကလည်း အာရုံစူးစိုက်လာတာတွေ့ရပါတယ်၊ မြန်မာ့ပန်းချီဟာ ကမ္ဘာ့ပန်းချီလောကအထိ ယှဉ်ပြိုင် ထိုးဖောက်လာလိမ့်မယ်လို့ ယုံကြည်နေပါတယ်"**ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

ကြိုးစားအားထုတ်

မြန်မာ့ပန်းချီလောက ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပန်းချီပညာရှင်များကလည်း ကြိုးစားအားထုတ်မှု လိုအပ်သလို ယခုကဲ့သို့ ပြိုင်ပွဲ၊ ပြပွဲများလည်း မပြတ်တမ်းကျင်းပပေးရန် လိုအပ်ပေသည်။

မြန်မာတို့၏ ပန်း ၁၀မျိုး ပညာရပ်များ ထွန်းကားခဲ့သည်မှာ နှစ်ပေါင်းထောင်ချီ ရှိခဲ့ပြီဖြစ်သလို ကမ္ဘာသုံး ပန်းချီရေးနည်းစနစ်များ မြန်မာနိုင်ငံသို့ ၁၉၀၀ ပြည့်လွန်နှစ်များကပင် ရောက်ရှိလာခဲ့သည်ဖြစ်ရာ မြန်မာ့ပန်းချီသည် နိုင်ငံတကာ ပန်းချီနှင့် နှစ်ပေါင်းရာနှင့်ချီကာ ကျွမ်းဝင်ခဲ့ပြီးဖြစ်သည်။

ထို့ကြောင့် ခေတ်အဆက်ဆက်က ဂုဏ်ဝင့်ထည်နိုင်ခဲ့သော မြန်မာ့ပန်းချီအနုပညာများမှာ ယနေ့ခေတ်အထိ ရှင်သန်ဖွံ့ဖြိုးစေရန် ယခုပြပွဲ၊ ပြိုင်ပွဲကလည်း တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပံ့ပိုးပေးလျက်ရှိနေရာ အကောင်းဆုံးဆုများ မည်သူဆွတ်ခူးကြမည်ကို စိတ်ဝင်စားစွာ စောင့်မျှော်ရမည်သာ ဖြစ်ပါကြောင်း။ ။

(မြန်မာ့အလင်း)



Tun Foundation Bank Best Paintings of the Year 2008 ပြိုင်ပွဲဝင် ပန်းချီကားများကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

စိတ်ကောင်းနှင့်ယှဉ်

အများအကျိုး၊ ရှက်သယ်ပိုးက၊ ခနိုးခနဲ့ ဆိုကဲ့ရဲ့လည်း၊ မဖွဲ့စကောင်း၊ ကိုယ့်လမ်းကြောင်း ကို၊ စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့။

(ရွှေဟင်္သာဆရာတော်ဘုရားကြီး)

MRTV- 4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၁၂-၂၀၀၈ ရက်
(အင်္ဂါနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**မြို့စွဲ၊ အိမ်စွဲ၊ လူစွဲ ဒိဋ္ဌိဖြုတ် ဉပမာပြ ခန္ဓာဉာဏ်ရောက် သစ္စာလေးပါး** တရားတော် မုံလယ်တောရ ဆရာတော်ဘဒ္ဒန္တသံဝရ
၈း၀၀-၂း၀၀	Activities in the City (၄၇)ကြိမ်မြောက် ပျော်ပွဲရွှင်ပွဲ နိဗ္ဗာန်ဈေးပွဲတော် အခမ်းအနား (နှင်းဆီကုန်းဘိုးဘွားရိပ်သာ)
၈း၁၅-၂း၁၅	တေးဂီတအစီအစဉ်
၈း၂၀-၂း၂၀	Sunday Talk
၉း၁၀-၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀-၃း၂၀	ဖန်သားရုပ်မြင်စာဆိုသဘင် (စာရေးဆရာမ မစန္ဒာ)
၉း၅၀-၃း၅၀	တေးဂီတအစီအစဉ်
၉း၅၅-၃း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀-၄း၀၀	တိုးပွားဆောင်ရွက်နိုင်ငံ့လက်ဖေးကူမွေးမြူတို့အတူ (မွေးမြူရေးအစာ ထုတ်လုပ်ရေး)
၁၀း၁၀-၄း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅-၄း၁၅	မိုးလေဝသခန့်မှန်းချက်
၁၀း၂၀-၄း၂၀	ဖူးမော်ကြည်ညိုမြတ်ရွှေတိဂုံ သဒ္ဒါပွားများ မြတ်ဒါန
၁၀း၃၅-၄း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀-၄း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၀-၄း၅၀	**နတ်လူသာရခေါ်စေသောဝ်** ခေတ်သစ်၊ ဝိုင်းစုခိုင်သိန်း၊ သတိုးစော (ဒါရိုက်တာ-သော်ကိုကိုကျော်)
၁၁း၁၀-၅း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅-၅း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၀-၅း၂၀	စလင်းရေလှောင်တမံ
၁၁း၃၀-၅း၃၀	တေးဂီတအစီအစဉ်
၁၁း၄၀-၅း၄၀	ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (Jue Jue Fancy Store)
၁၂း၀၀-၆း၀၀	အဝလွန်ခြင်းပြဿနာနှင့် ကိုယ်အလေးချိန် ထိန်းသိမ်းခြင်း နည်းလမ်းများ
၁၂း၂၀-၆း၂၀	Music Gallery (တေးသံရှင်ရဲ့ တေးလက်ဆောင်-ကဗျာဘွဲ့မှူး)
၁၂း၄၅-၆း၄၅	တန်ဖိုးမြင့်ထုတ်ကုန် သားရေစက်ရုံ
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

The 7th Myanmar ICT Week 2008 Exhibition

ညပိုင်း	အစီအစဉ်	ပြသမည့်လိုင်း
၈း၀၀	The 7th Myanmar ICT Week 2008 Exhibition ပြပွဲအစီအစဉ်များ	MRTV - 4

Suzuki Cup ဘောလုံးပွဲစဉ်

ညပိုင်း	အစီအစဉ်	ပြသမည့်လိုင်း
၆း၃၀	Indonesia - Thailand	STAR SPORTS (Live)

FA Cup ဘောလုံးပွဲစဉ်

နံနက်ပိုင်း	အစီအစဉ်	ပြသမည့်လိုင်း
၂း၁၀	Blyth Spartans - Bournemouth	STAR SPORTS (Live)

ကျိုက္ခမီအသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၅

ကျိုက္ခမီအသင်း(ရန်ကုန်)၏ (၁၇)ကြိမ်မြောက် နှစ်ပတ်လည်စည်းဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၁ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်ဝင်း ကျိုက္ခမီတိုက်ကျောင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် မြို့နယ်သူ မြို့နယ်သားများ တက်ရောက်ကြပါရန်နှင့် အသက်(၇၅)နှစ်ပြည့် လူကြီး မိဘများ၊ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်း၌ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၏ အမည်စာရင်းကို ဒေါ်ခင်ရီ ဖုန်း-၂၅၃၄၄၀၊ ဦးအောင်ထွန်း ဖုန်း-၀၉-၅၀-၈၀၁၆၇၊ ဒုတိယဥက္ကဋ္ဌ ဦးလွင်သိန်း ဖုန်း-၇၀၃၈၂၃၊ ဦးမြသောင်း ဖုန်း-၇၀၀၂၃၃ တို့သို့ ဒီဇင်ဘာ ၃၁ရက် နောက်ဆုံးထားပေးပို့ရန် ဖိတ်ကြားနိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

မြန်မာနယူးစ်ဝိခ်ဂျာနယ် ယခုအပတ်ဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၁၅

အရှေ့တောင်အာရှနိုင်ငံများတွင် ဆူနာမီလှိုင်းများဖြစ်ပေါ်နိုင်သည့် ငလျင်များလှုပ်နိုင်ကြောင်း သိပ္ပံပညာရှင်များ သတိပေးသတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

ယနေ့ ဖြန့်ချိလိုက်သည့် မြန်မာနယူးစ်ဝိခ်ဂျာနယ်တွင် ရန်ကုန်တိုင်းတွင် ခွဲတမ်းစနစ်ဖြင့် လျှပ်စစ်မီးစတင်ပြီ၊ တစ်ခါသုံး GSM ဖုန်းကတ်များ ဝယ်လိုအားများနေ ရန်ကုန်တိုင်းတွင် ၁၆ ရက်၌ စတင်ရောင်းမည်၊ သဘာဝ မြန်မာ့ငါးပုစွန်များ နိုင်ငံခြားသားများ အကြိုက်တွေ့၍ ကုမ္ပဏီနှင့် ကုန်သည်များ အကျိုးစီးပွားဖြစ်၊ အနုပညာရှင်များနှင့် မည်သူမျှမမြင်သော်လည်း စောင့်ထိန်းရသော ကိုယ်ကျင့်တရားဆောင်းပါး၊ မြို့တော်စည်ပင်က သွေးလွန်တုပ်ကွေးတိုက်ဖျက်ရေး ငွေကျပ်သိန်း ၅၀၀ကျော် သုံးစွဲမည်၊ ပုသိမ်မြို့မှ အဝေးပြေးယာဉ်ရပ်နားစခန်းကို အဆင့်မြင့်တည်ဆောက်မည်၊ ဂျပန်သံရုံးက ဇန်နဝါရီလတွင် ပညာတော်သင် ဆွေးနွေးပွဲကျင်းပမည်၊ နွားကောင်ရေ ငါးကောင်(သို့မဟုတ်) ကျွဲကောင်ရေသုံးကောင်ရှိရုံဖြင့် လျှပ်စစ်မီးထုတ်လုပ်နိုင်၊ ဒေါက်တာအောင်ခင်ဆင့်၏ သားမြတ်ရင်သားမှ "ရိုးရိုးအကျိတ်နှင့် ကင်ဆာ" ခွဲခြားသိရန်လို၊ ဒေါက်တာဦးမြင့်ဦး(ဂျီပီ)၏ တုပ်ကွေးရာသနာသတိထားစရာ၊ ပဲမျိုးစုံတန်ချိန် ၁၃၀၀၀ အိန္ဒိယက ဖေဖော်ဝါရီလအတွင်း ဝယ်ယူမည်၊ စင်ကာပူတွင် IC ဖျော်ဖြေပွဲ အောင်မြင်ခဲ့၊ အဆိုတော် ရတနာ(No)၏ မင်္ဂလာဆောင်ခံပွဲသတင်းနှင့် ဓာတ်ပုံများ၊ အချစ်စစ်ရှာဖွေခြင်း ကိုရီးယားဇာတ်လမ်းတွဲအကျဉ်း၊ ယုဇနပလာဇာ၌ မီးလောင်မှုဖြစ်ပွားခဲ့၊ အိုဘားမားလုပ်ကြံခံရမည် ဟောကိန်းများအပါအဝင် ၂၀၀၉ခုနှစ်အတွက် နိုင်ငံရေး၊ စီးပွားရေးဟောကိန်းများထွက်ပေါ်လာ၊ အီရန်က အစ္စရေးကို နျူကလီးယားဖြင့်တိုက်လျှင် အမေရိကန်ကလည်း အီရန်ကို နျူကလီးယားဖြင့် ချေမှုန်းမည်ဟုဆို စသည့် နောက်ဆုံးရ ပြည်တွင်းပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိသည်ဟု သိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဒီဇင်ဘာ ၁၅

ကျိုက်မရောမြို့နယ်အသင်း ပညာရည်ချွန်ဆုချီးမြှင့်ပွဲ

ကျိုက်မရောမြို့နယ်အသင်း (ရန်ကုန်)၏ ဆဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ၂၇ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ စိတ်တိုင်းကျစားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်သည်။

ဂေါက်မာစတာမဂ္ဂဇင်းဖတ်ရှုသူများ ဂေါက်သီးရိုက်ပြိုင်ပွဲ

Han Golf Masters Pte Ltd. က စီစဉ်သော Golf Masters မဂ္ဂဇင်းဖတ်ရှုသူများ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၄ရက်တွင် ရန်ကုန်မြို့ မြန်မာဂေါက်ကလပ် ကိုးမိုင်၌ ကျင်းပမည်ဖြစ်သည်။

အမှတ်(၁)စက်မှုဈေးရောင်းပွဲ မြောက်ဥက္ကလာပ၌ ကျင်းပ

အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို မြောက်ဥက္ကလာပမြို့နယ် ကျောက်ရေတွင်း ပန်းဥယျာဉ်နှင့် အားကစားကွင်း၌ ဒီဇင်ဘာ ၁၂ရက်က စတင်ဖွင့်လှစ်ရောင်းချလျက်ရှိပြီး အဆိုပါဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၁၈ ရက်အထိ နေ့စဉ် နံနက် ၈နာရီမှ ည ၈နာရီအထိ ဖွင့်လှစ်ရောင်းချလျက်ရှိသည်။

နှင်းဆီကုန်းဘိုးဘွားရိပ်သာစိန်ရတုအထိမ်းအမှတ် ဈေးရောင်းပွဲတော်

နှင်းဆီကုန်းဘိုးဘွားရိပ်သာ၏ စိန်ရတုအထိမ်းအမှတ် ဒုတိယအကြိမ် စာအုပ်ဈေးပွဲတော်ကို ဒီဇင်ဘာ ၁၂ရက်မှ ၁၈ရက် (ကြာသပတေးနေ့)အထိ ခင်းကျင်းရောင်းချလျက်ရှိသည်။

မြောက်ဥက္ကလာပ အထက(၄)စံပြ အာစရိယပူဇော်မည်

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် အမှတ်(၄) စံပြ အခြေခံပညာအထက်တန်းကျောင်း၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၁ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။

မုန်တိုင်းဒဏ်ခံ အဆောက်အအုံဆောက်လုပ်ရန် အဆိုပြုလွှာခေါ်

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက ကြီးမှူး၍ အလှူရှင်များထည့်ဝင်ငွေဖြင့် ကွမ်းခြံကုန်းမြို့နယ်အတွင်း မူလတန်းကျောင်းအဖြစ် အသုံးပြုမည့် မုန်တိုင်းဒဏ်ခံ (Cyclone Shelter)တစ်ခုတည်ဆောက်ရန် အဆိုပြုလွှာများ ဖိတ်ခေါ်ထားရာ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း တက္ကသိုလ်များ(လှိုင်နယ်မြေ) လှိုင်မြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ဒီဇင်ဘာ၂၂ရက် (တနင်္လာနေ့)နောက်ဆုံးထားပြီး ပေးပို့နိုင်သည်။

အထက(၃) တောင်ဥက္ကလာပ မြတ်ဆရာပူဇော်မည်

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အထက(၃) ကျောင်းသားဟောင်းများ၏ တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။

ရန်ကုန်ပညာရေးတက္ကသိုလ် အာစရိယပူဇော်မည်

ရန်ကုန် ပညာရေးတက္ကသိုလ်၏ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၃ရက် (စနေနေ့) နံနက် ၉ နာရီတွင် တက္ကသိုလ်များမော်ရုံ၌ ကျင်းပမည် ဖြစ်သည်။

ခြင်းရုံပေါင်းစုံနှင့် ကလပ်အသင်းပေါင်းစုံ ခြင်းလုံးခတ်ယှဉ်ပြိုင်

မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်နှင့် အေးအေးခိုင် ကျောက်မျက်ကုမ္ပဏီတို့ ပူးပေါင်းကျင်းပသည့် ၂၀၀၈ခုနှစ် (၅)ကြိမ်မြောက် ခြင်းရုံပေါင်းစုံနှင့် ကလပ်အသင်းပေါင်းစုံ ခြင်းလုံးခတ်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၃ရက်မှ ၁၇ရက်အထိ မွန်းတည့် ၁၂နာရီမှစ၍ ယှဉ်ပြိုင်ခတ်ကစားလျက်ရှိသည်။

ဥပဒေဘွဲ့ရကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန်တက္ကသိုလ်မှ ၁၉၈၀ပြည့်နှစ် B.A(Law),LL.B ဘွဲ့ရ ကျောင်းသားကျောင်းသူဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၈ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ ကရဝိက်ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ-ဝင်းကျော်

အီရန် ရဲ ၁၆ ဦးအား သတ်သည့် အုပ်စုကို အမေရိကန်နှင့် ဗြိတိန်တို့ ထောက်ပံ့ဟုဆို

တီဟီရန် ဒီဇင်ဘာ ၁၅

ပြန်ပေးဆွဲခံရသည့် အီရန်ရဲအရာရှိ ၁၆ဦးအား သတ်ဖြတ်သည့် ဂျန်ဒိုလာ ဆွန်နီအုပ်စုကို အနောက်အုပ်စု ရန်သူ့နိုင်ငံများ ဖြစ်ကြသည့် အမေရိကန်နှင့် ဗြိတိန်တို့က ထောက်ခံအားပေးကြောင်း သက်သေပြနေသည့် အထောက်အထားများ အီရန်နိုင်ငံတွင် ရရှိထားသည်ဟု အီရန်နိုင်ငံပိုင် အသံလွှင့်ဌာနက ဒီဇင်ဘာ ၁၃ရက်၌ ကြေညာသည်။

ကြေညာ

အရှေ့တောင်ပိုင်း စစ္စတန်ဘာလူချီစတန် ပြည်နယ်မှ ဖွန်လအတွင်းက ပြန်ပေးဆွဲခံရသည့် ဓားစာခံရဲတပ်ဖွဲ့ဝင် ၁၆ဦးတို့အား ဂျန်ဒိုလာအုပ်စုက သတ်ပစ်လိုက်ပြီဟု အီရန်က ယခုလ၌ ကြေညာသည်။

အခိုင်အလုံရရှိ

ထိုအကြမ်းဖက်အုပ်စုကို အမေရိကန်နှင့်ဗြိတိန်တို့က လက်နက်ထောက်ပံ့ပြီး သတင်းဖလှယ်ကြောင်း အထောက်အထားများ အခိုင်အလုံ ရရှိထားသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ

ဆိုမာလီ ပင်လယ်ဓားပြများ ချေမှုန်းနိုင်ရန် အမေရိကန်တို့ သတင်းအချက်အလက်များလိုအပ်နေဟုဆို

မာနာမာ ဒီဇင်ဘာ ၁၅

ဆိုမာလီပိုင်နက် နယ်မြေအတွင်း ပင်လယ်ဓားပြများအား လိုက်လံချေမှုန်းရန် အမေရိကန်နိုင်ငံအနေဖြင့် ထောက်လှမ်းရေး သတင်းအချက်အလက်များ လိုအပ်နေကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်က ဒီဇင်ဘာ ၁၃ရက်တွင် ပြောကြားသည်။

ဖမ်းဆီးတိုက်ခိုက်

မြေပြင်ပေါ်တွင်ဖြစ်စေ သို့မဟုတ် ပင်လယ်သမုဒ္ဒရာတွင်ဖြစ်စေ ပင်လယ်ဓားပြများကို လိုက်လံဖမ်းဆီးတိုက်ခိုက်ခွင့် ပေးမည့်ဆုံးဖြတ်ချက် မူကြမ်းတစ်ရပ်ကို ကုလသမဂ္ဂ၌ အမေရိကန်ကိုယ်စားလှယ်က ဝေငှပြီး ရက်ပိုင်းအတွင်းမှာပင် အမေရိကန်ကာကွယ်ရေးဝန်ကြီးဂိတ်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်း ဖြစ်သည်။

ပြောကြား

လောလောဆယ်ရရှိသည့် သတင်းလောက်ဖြင့် မိမိတို့အနေဖြင့် မြေပြင်စစ်ဆင်ရေးဆောင်ရွက်နိုင်မည့် အခြေအနေမရှိကြောင်း ဘာရိန်းနိုင်ငံ၌ ကျင်းပသည့် ဒေသဆိုင်ရာလုံခြုံရေးညီလာခံတွင် ရောဘတ်ဂိတ်က ရှင်းလင်းပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ဘဂ္ဂဒက်သို့ ရောက်ရှိနေသော ကန်သမ္မတဘုရှ် အီရတ်သတင်းထောက်၏ ဖိနပ်ဖြင့်ပစ်ပေါက်မှုခံရ

ဘဂ္ဂဒက် ဒီဇင်ဘာ ၁၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့သို့ ဒီဇင်ဘာ ၁၄ ရက်က အမေရိကန်သမ္မတ ဂျော့ချ်ဒဗလျူဘုရှ် အလည်အပတ် ရောက်ရှိလာကာ အီရတ်ဝန်ကြီးချုပ် နူရီအယ်လ်မီကီနှင့် သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်တွင် အီရတ်သတင်းထောက်တစ်ဦးက ဘုရှ်အား ရှူးဖိနပ်နှစ်ဖက်ဖြင့် ပစ်ပေါက်ပြီး ပုတ်ခတ်ပြောဆိုခဲ့မှု ဖြစ်ပွားခဲ့ကြောင်း သတင်း၌ ဖော်ပြသည်။

ရုတ်ရုတ်သဲသဲဖြစ်သွား

ဘဂ္ဂဒက်အဒီယာ ရုပ်မြင်သံကြားဌာနမှ သတင်းထောက်ဖြစ်သူ အယ်လ်ဇိုင်ဒီဖြစ်ပြီး အစည်းအဝေးခန်းမအတွင်း ထခုန်ကာ ၎င်း၏ဖိနပ်နှစ်ဖက်ဖြင့် တစ်ဖက်ပြီးတစ်ဖက် ပစ်ပေါက်ခဲ့သည်ဟု ဆိုသည်။ သမ္မတဘုရှ်သည် ထိုကဲ့သို့ ပစ်ပေါက်မှုကို ငုံ့ရှောင်လိုက်သဖြင့် ပွတ်ကာသီကာလွဲသွားခဲ့ပြီးနောက် ၎င်းရောက်ရှိနေရာ ဘဂ္ဂဒက်မြို့၏ လုံခြုံရေးအခိုင်မာဆုံး အစိမ်းရောင်ဇုန်အတွင်းရှိ အစည်းအဝေးခန်းမအတွင်း၌ ရုတ်ရုတ်သဲသဲ ဖြစ်သွားခဲ့သည်။

ယခုကဲ့သို့ ပြုလုပ်ခဲ့ခြင်းသည် သမ္မတ ဘုရှ်အား ခွဲခွာကာနီး နှုတ်ဆက်လိုက်ခြင်းပင်ဖြစ်ကြောင်း သတင်းထောက်ဇိုင်ဒီက ပြောကြားသည်။

ဆွဲထုတ်ခဲ့ရ

ဇိုင်ဒီ၏ အော်ဟစ်ပြောဆိုနေမှုကြောင့် လုံခြုံရေးများက ၎င်းအားကြမ်းပြင်ပေါ်သို့ လှဲချကာ အစည်းအဝေးခန်းမအပြင်ဘက်သို့ တရွတ်တိုက် ဆွဲထုတ်သွားခဲ့သည်။

သမ္မတဘုရှ်သည် အီရတ်ဝန်ကြီးချုပ် မာလီကီနှင့် အစည်းအဝေးခန်းမမှ မထွက်ခွာမီ ဖိနပ်အရွယ်အစားမှာ နံပါတ် ၁၀ဖြစ်သည်ဟု ပြောနိုင်ကြောင်း၊ မိမိအနေဖြင့် အသေးအဖွဲ ခြိမ်းခြောက်မှုကို မည်သို့မျှ မခံစားရကြောင်း၊ ယခုဖြစ်ရပ်က မိမိအားအနှောင့်အယှက် မဖြစ်စေနိုင်ကြောင်း ပြောကြားခဲ့သည်။ (အင်တာနက်)

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက် မွမ်ဘိုင်းဆိပ်ကမ်းတွင် ရေယာဉ်များဖြင့် လုံခြုံရေးအတွက် ကင်းလှည့်နေသည်ကို ဒီဇင်ဘာ ၁၅ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အော်ရီဂွန်ဘဏ်အနီး ဗုံးပေါက်ကွဲ၊ ရဲတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး

ပို့လင်း ဒီဇင်ဘာ ၁၅

အမေရိကန်နိုင်ငံ အော်ရီဂွန်ပြည်နယ်ရှိ ဘဏ်တစ်ခုအနီး တွေ့ရှိသည့် ဗုံးတစ်လုံး ပေါက်ကွဲသဖြင့် ရဲအရာရှိနှစ်ဦးသေဆုံးကြောင်း အာဏာပိုင်များက ဒီဇင်ဘာ ၁၃ရက်တွင် ကြေညာသည်။

ပို့လင်းမြို့တောင်ဘက် မိုင် ၃၀ သို့ ဖောက်ခွဲရေးပစ္စည်း သယ်ဆောင်စဉ် အကွာရှိ ဝုဒ်ဘမ်းမှ ဝက်စ်ကုတ်ဘဏ်ခွဲ ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အော်ရီဂွန်ပြည်နယ် ထိပ်တန်းရဲတပ်ဖွဲ့ဝင် ဝီလျံဟာကင်နှင့် ဒေသခံ ရဲဗိုလ်ကြီးတွမ်တင့်နှင့်တို့နှစ်ဦး ဒီဇင်ဘာ ၁၂ရက်က သေဆုံးခဲ့သည်။

ဒဏ်ရာပြင်းထန်

ထို့ပြင် ဝုဒ်ဘမ်းမြို့ရဲမှူးကြီးစကော့ရပ်ဆယ်နှင့် ဘဏ်အလုပ်သမားတစ်ဦးတို့ ဒဏ်ရာရသွားသည်။ ရဲမှူးကြီးစကော့ရပ်ဆယ်မှာ ဒဏ်ရာပြင်းထန်သည်။

အမ်အင်န်အေ၊ရိုက်တာ

လမ်းဘေးဗုံးပေါက်ကွဲ

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ဖရွန်တီယာပြည်နယ် ဆဝက်တောင်ကြားဒေသတွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော ကားများကို ဒီဇင်ဘာ၁၅ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အာဖဂန် တောင်ပိုင်း၌ ဗုံးခွဲတိုက်ခိုက် ကနေဒါတပ်ဖွဲ့ဝင်သုံးဦးသေဆုံး

တိုရွန်တို ဒီဇင်ဘာ ၁၅

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းတွင် ကနေဒါတပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါသည့် သံချပ်ကာကားအနီးတွင် ဒီဇင်ဘာ ၁၃ ရက်က ဗုံးခွဲတိုက်ခိုက်သည့်အတွက် ကနေဒါတပ်ဖွဲ့ဝင်သုံးဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရှိကြောင်း စစ်ဘက်အရာရှိများကပြောကြားသည်။

စစ်ဆင်တိုက်ခိုက်

၂၀၀၂ ခုနှစ်တွင် အာဖဂန်နစ္စတန်နိုင်ငံအတွင်း စစ်ဆင်တိုက်ခိုက်ပြီး နောက်ပိုင်း ယခုအချိန်အထိ အာဖဂန်နစ္စတန်၌ သေဆုံးသည့် ကနေဒါတပ်ဖွဲ့ဝင်ပေါင်း ၁၀၃ ဦးရှိသွားပြီဖြစ်သည်။ သံတမန်တစ်ဦးလည်း သေဆုံးခဲ့ရသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ

အမေရိကန်သမ္မတ ဂျော့ချ်ဒဗလျူဘုရှ်အား အစည်းအဝေးခန်းမအတွင်း ရှူးဖိနပ်ဖြင့်ပစ်ပေါက်မှုကြောင့် ကြမ်းပြင်သို့လှဲချကာ ဖမ်းဆီးချုပ်နှောင်ခံခဲ့ရသော အီရတ် သတင်းထောက် အယ်လ်ဇိုင်ဒီအား ဒီဇင်ဘာ ၁၄ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ်နိုင်ငံ ကယ်ကွတ်မြို့အနီးရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် အသေခံဗုံးဖောက်ခွဲမှုဖြစ်ပွားပြီးနောက် ဒဏ်ရာရသူတစ်ဦး ဆေးကုသမှုခံယူနေသည်ကို ဒီဇင်ဘာ ၁၄ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

တစ်ပတ်အတွင်း နိုင်ငံတကာ သတင်းအကျဉ်း

၈-၁၂-၂၀၀၈ မှ ၁၄-၁၂-၂၀၀၈ အထိ

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ

ဒီဇင်ဘာ - ၈

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းကမ်းလွန်၌ ကုန်တင်သင်္ဘောနစ်စင်းကို လက်နက်ကိုင် ပင်လယ်ဓားပြများက ဝင်ရောက်စီးနင်းသည်။ အမြန်ရေယာဉ်များ အသုံးပြုစီးနင်းမှုကြောင့် ဖိလစ်ပိုင်ကမ်းခြေစောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ရောက်ရှိလာသောအခါ ထွက်ပြေး လွတ်မြောက်သွားသည်။ ဖိလစ်ပိုင်စစ်ဘက်က လိုက်လံရှင်းလင်းလျက်ရှိသည်။

ဒီဇင်ဘာ - ၉

အီရန်နိုင်ငံက ကမ္ဘာပေါ်တွင် ပထမဆုံး ကောင်းကင်လေထီးခုန်စင်တာကို တီဟီရန်မြို့၌ ဖွင့်လှစ်လိုက်သည်။ ရှာဟတ်ကောင်းကင်လေထီးခုန်စင်တာဟု အမည်ပေးထားသော အဆိုပါအဆောက်အအုံကို ဆောင်းရာသီနှင့် နွေရာသီများ၌ ဖွင့်လှစ်အသုံးပြုနိုင်ကြမည် ဖြစ်သည်။ ယခုဖွင့်လှစ်လိုက်သည့် ရှာဟတ်ကောင်းကင်လေထီးခုန်စင်တာမှာ အမျိုးသမီး လေထီးခုန်သမားများအား ဦးစားပေး လေ့ကျင့်သွားစေရန် ရည်ရွယ်ထားသည်။ **(ဝဲအောက်ပုံ)**

ဒီဇင်ဘာ - ၁၀

ကနေဒါနိုင်ငံတွင် ဖွင့်လှစ်ထားသော အမေရိကန်မော်တော်ကား ကုမ္ပဏီဖြစ်သည့် ဘစ်-၃ မော်တော်ကားစက်ရုံများကို လာမည့် ဇန်နဝါရီလ၌ ပိတ်သိမ်းတော့မည်ဖြစ်ကြောင်း ကနေဒါနိုင်ငံ အရာရှိများက ပြောကြားသည်။ အဆိုပါ မော်တော်ယာဉ်များမှာ ဈေးကွက်၌ ဝယ်လိုအား ကျဆင်းလာ၍ဖြစ်ကြောင်း ၄င်းတို့က ပြောကြားသည်။

ဒီဇင်ဘာ - ၁၁

အေဒင်ပင်လယ်ကွေ့တွင် ဆိုမာလီပင်လယ်ဓားပြများက အပိုင်စီးခဲ့သော ဂရိနိုင်ငံပိုင် ဓာတုကုန်ပစ္စည်းများ တင်ဆောင်လာသည့် သင်္ဘောအား ပြန်လွှတ်ပေးလိုက်သည်။ ထိုသင်္ဘောကို ပြီးခဲ့သည့် အောက်တိုဘာ ၁၀ရက်၌ ဆိုမာလီဓားပြများက အပိုင်စီးသွားခြင်းဖြစ်ရာ ယခုအပြီးပြတ် ပြန်လွှတ်လိုက်ခြင်းဖြစ်သည်။ အဆိုပါသင်္ဘောနှင့်အတူ သင်္ဘောသား ၂၀စလုံး ပြန်လည်လိုက်ပါလာကြသည်။

ဒီဇင်ဘာ - ၁၂

နာဆာအဖွဲ့မှ စေလွှတ်ထားသော အင်ဒီဗောအာကာသလွန်းပြန်ယာဉ်သည် အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသယာဉ်စခန်းသို့ အောင်မြင်စွာပြန်လည် ဆင်းသက်လာသည်။ ပြီးခဲ့သည့် နိုဝင်ဘာ၃၀ရက်က ဆင်းသက်ရန် စီစဉ်ထားသော်လည်း ရာသီဥတု ဆိုးရွားနေမှုကြောင့် ယခုမှ ဆင်းသက်နိုင်ခဲ့ခြင်း ဖြစ်သည်။ **(အပေါ်ပုံ)**

ဒီဇင်ဘာ - ၁၃

ရုရှားစစ်သင်္ဘောသုံးစင်း နီကာရာဂွာနိုင်ငံသို့ အလည်အပတ်ခရီး ရောက်ရှိသည်။ အဆိုပါ စစ်သင်္ဘောသုံးစင်းမှာ အက်မီရယ်ချာဘာနင်ကိုအမည်ရှိ ဖျက်သင်္ဘောနှင့် ထောက်ပံ့ရေး စစ်သင်္ဘောနှစ်စင်းတို့ဖြစ်သည်။ ယခုခရီးစဉ်မှာ စစ်ဘက်ပူးပေါင်းဆောင်ရွက်မှုအတွက် ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း ရုရှားအရာရှိများက ပြောကြားသည်။

ဒီဇင်ဘာ - ၁၄

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ မကြာမီက အကြမ်းဖက်သမားများ တိုက်ခိုက်မှုဖြစ်ပွားခဲ့သော နှစ်ပေါင်း ၁၀၅ နှစ် သက်တမ်းရှိ တာ့ဂျ်မဟာဟိုတယ်ကို ပြန်လည်ဖွင့်လှစ်လိုက်သည်။ ဧည့်သည်များက စိတ်ဝင်စားဖွယ်ကောင်းသော ဒေသအဖြစ် လာရောက်တည်းခိုလျက်ရှိသည်။ ။

ကိုးကား-အင်တာနက်၊ဆင်ဟွာ

ဂျီသြမေတြီနှင့် သင်္ချာပညာရှင်၊ တီထွင်သူနှင့် အင်ဂျင်နီယာအာခိမိဒီးစ် (ဘီစီ ၂၈၇-၂၁၂)

လူ့သမိုင်းတွင် ကျောက်ခေတ်မှသည် ယနေ့ယဉ်ကျေးမှုများ တိုးတက်ထွန်းကားလာသော ခေတ်ဖြစ်သည့် အင်တာနက်၊ အီးမေးလ်၊ မိုဘိုင်းလ်ဖုန်းများကို အသုံးပြုပြီး ကမ္ဘာကြီးကို ရွာကြီးတစ်ရွာအလားဖန်တီးကာ ယခင်က လူသူအရောက်အပေါက်မရှိသော လကမ္ဘာသို့ တိုးလျှိုးပေါက်ရောက်ကာ အိမ်ဦးနှင့်ကြမ်းပြင်သဖွယ် သွားလာနေသည့် ယနေ့ခေတ်အထိ အရာရာတိုင်းကို တီထွင်ဆန်းသစ်နေခဲ့ကြပြီး ယနေ့အထိလည်း တီထွင်ဆန်းသစ်နေဆဲပင် ဖြစ်သည်။

လုပ်ဆောင်ခဲ့

လူသားတို့သည် ယခင်က အလျား၊ အနံ၊ အမြင့် အတိအကျရှိသော အရာဝတ္ထုများ၏ ထုထည်ကိုသာ တွက်ချက်နိုင်ပြီး ကျောက်ခဲ၊ ကျောက်တုံးကဲ့သို့ ပုံသဏ္ဌာန်အတိအကျ၊ အလျား၊ အနံ၊ အမြင့် အတိအကျမရှိသော အရာဝတ္ထုများ၏ထုထည်ကို တိုင်းတာနိုင်ရန် ဂရိလူမျိုး အာခိမိဒီးစ်**(ယာပုံ)** ဆိုသူ ဂျီသြမေတြီပညာရှင်၊ သင်္ချာပညာရှင်၊ တီထွင်သူနှင့် အင်ဂျင်နီယာတစ်ဦးက နည်းလမ်းရှာဖွေ ကြံဆတီထွင်ပေးခဲ့သည်။ အာခိမိဒီးစ်သည် ယင်းကြံဆပေးသည့် နည်းလမ်းသာမက အခြားတီထွင်မှု အများအပြားကိုလည်း လုပ်ဆောင်ခဲ့သည်။

တန်းတူထားသင့်

ယခင်ဂရိနိုင်ငံက ပိုင်ဆိုင်ခဲ့ပြီး ယခုအီတလီနိုင်ငံက ပိုင်ဆိုင်သည့် စစ္စလီကျွန်းမှ အရှေ့တောင်ပင်လယ်ကမ်းရိုးတန်း ဆိပ်ကမ်းမြို့ဖြစ်သည့် ဆိုင်ရာကျော့စ်မြို့၌ အာခိမိဒီးစ်အား ဘီစီ၂၈၇တွင် မွေးဖွားခဲ့သည်။ သူသည် သမိုင်းတွင် အထူးချွန်ထက်မြက်ဆုံး သင်္ချာပညာရှင်ကြီး တစ်ဦးဖြစ်သည်။ အာခိမိဒီးစ်သည် အထူးချွန် အပြောင်မြောက်ဆုံးသော သင်္ချာပညာရှင်ကြီး သုံးဦးအနက် တစ်ဦးအပါအဝင်ဖြစ်သည်ဟု ယူဆရလောက် အောင်ပင် အိုက်ဇက်နယူတန်နှင့် ကားလ်ဂေါ့စ်စသည့် သင်္ချာပညာရှင်ကြီးများနှင့် တန်းတူထားသင့်သူဖြစ်သည်။

ပြန်လည်နေထိုင်

အာခိမိဒီးစ်၏ဘဝဖြစ်စဉ်ကို သိသူ နည်းသည်။ အာခိမိဒီးစ်သည် ဖီဒီယက်စ် အမည်ရှိ နက္ခတ္တဗေဒပညာရှင်ကြီးတစ်ဦး၏ သားဖြစ်သည်။ သူသည် ဆိုင်ရာကျော့စ် ဘုရင်ဟီရွန်နှင့်၄င်း၏သား ဂီလန်တို့နှင့် ဆက်နွယ်မှုရှိသည်။ သူသည် ထိုစဉ်က အီဂျစ်နိုင်ငံ၏မြို့တော် အလက်ဇန်းဒရီးယားမြို့တွင် ဘီစီ၃ရာစုက ဂရိသင်္ချာပညာရှင်များ တည်ထောင်ဖွင့်လှစ်သည့် ကျောင်း၌ ပညာသင်ယူခဲ့သည်။ ထို့နောက် သူ၏ဇာတိမြို့ ဆိုင်ရာကျော့စ်သို့ ပြန်လည် နေထိုင်ခဲ့သည်။

တောင်းဆို

အာခိမိဒီးစ်၏ ရှာဖွေတွေ့ရှိမှု အများအပြားရှိသည်။ ၄င်းတို့အနက်မှ အထင်ရှားဆုံးတစ်ခုမှာ ဆိုင်ရာကျော့စ်ဘုရင်ဟီရွန်အား လိမ်လည်ရန် ကြိုးပမ်းမှုကို ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်သည်။ ဘုရင်သည် ရွှေသရဖူကို မှာကြားခဲ့ပြီး သရဖူလုပ်သူအား သရဖူပြုလုပ်ရန် လိုအပ်သော ရွှေကို အတိအကျ ပေးစေခဲ့သည်။ ရွှေသရဖူပြုလုပ်ပေးသူက ကတိထားသည့် အတိုင်းပေးထားသည့် ရွှေချိန်ဖြင့် သရဖူကို အတိအကျလုပ်ကာ ပြန်လည် ပေးအပ်ခဲ့သည်။ သို့သော်လည်း ဟီရွန်ဘုရင်က သရဖူတွင် ရွှေအစား ငွေရောနှော ပြုလုပ်ထားသည်ဟု သံသယရှိနေသည်။ ဘုရင်သည် ထိုကိစ္စကို ဖြေရှင်းပေးရန် အာခိမိဒီးစ်အား တောင်းဆိုခဲ့သည်။



အာခိမိဒီးစ်သည် အထူးချွန် အပြောင်မြောက်ဆုံးသော သင်္ချာပညာရှင်ကြီး သုံးဦးအနက် တစ်ဦးအပါအဝင် ဖြစ်သည်ဟု ယူဆရလောက် အောင်ပင် အိုက်ဇက်နယူတန်နှင့် ကားလ်ဂေါ့စ် စသည့် သင်္ချာပညာရှင်ကြီးများနှင့် တန်းတူထား သင့်သူဖြစ်။

ရှာဖွေတွေ့ရှိသွားခဲ့

တစ်နေ့တွင် အာခိမိဒီးစ်သည် စည်ပိုင်းအတွင်း ရေချိုးနေစဉ် ဘုရင်ဖြေရှင်းခိုင်းသည့် ပြဿနာကို စဉ်းစားနေလေသည်။ ထိုစဉ် စည်ပိုင်းအတွင်း သူ၏ခန္ဓာကိုယ်ကို နှစ်မြုပ်ချိုးနေမှုကြောင့် စည်ပိုင်းအတွင်းမှ လျှံကျလာသော ရေသည် သူ၏ခန္ဓာကိုယ်အလေးချိန်နှင့်တူပြီး တိုက်ရိုက်အချိုးကျကြောင်း သူသတိပြုမိသည်။ ထိုမှအစပြုကာ ဘုရင်ဖြေရှင်းခိုင်းသော ပြဿနာကို ဖြေရှင်းရန် လမ်းစကို ရှာဖွေ တွေ့ရှိသွားခဲ့သည်။

ဖော်ထုတ်နိုင်ခဲ့

ဘုရင်၏ ရွှေသရဖူတွင် ရောနှောပါ ဝင်နေသော ငွေအလေးချိန်ပမာဏကို ဖော်ထုတ်ရန် အာခိမိဒီးစ် စည်းမျဉ်း၊ စည်းကမ်းများစွာရှိသည်။ ယင်းအချက်များ အနက်မှ တစ်ခုမှာ ယနေ့လူအများ ခေါ်တွင်နေသည့် အာခိမိဒီးစ် စည်းမျဉ်းပေါ်တွင် မူတည်နေသည်။ စည်ပိုင်းအတွင်း ခန္ဓာကိုယ်နှစ်လိုက်သည့်အတွက် လျှံကျလာသောရေသည် ခန္ဓာကိုယ်၏ အလေးချိန်နှင့်တူသည်ဆိုသော အချက်ကို အသုံးပြုကာ အာခိမိဒီးစ်သည် အလေးချိန်တူမျှသော ရွှေနှင့်ငွေအလေးချိန်နှစ်မျိုးကိုယူ၍ကာ တစ်လှည့်စီ ရေတွင်နှစ်စေခဲ့သည်။ ထို့နောက်သူသည် သရဖူနှင့်၄င်းသရဖူ၏ အလေးချိန်နှင့်မျှသော သန့်စင်သည့် ငွေကို အထက်ပါနည်းအတိုင်း ရေတွင်နှစ်စေခဲ့သည်။ ယင်းနှိုင်းယှဉ်ချက် နှစ်ခု၏ခြားနားချက်က သရဖူသည် ရွှေသားစစ်စစ်ဖြင့် ပြုလုပ်ထားခြင်း မဟုတ်ဆိုသည်ကို ရည်ညွှန်းကာ လိမ်လည်မှုကို ဖော်ထုတ်နိုင်ခဲ့သည်။

တစ်သက်တာစွန့်လွှတ်ခဲ့

အာခိမိဒီးစ်သည် စက်အရှိန်ထိန်းမောင်းတံ၊ စက်သီးတို့ကိုလည်း တီထွင်ခဲ့သည်။ သူ၏ဇာတိမြို့ဆိုင်ရာကျော့စ်ကို ရောမတပ်များ တိုက်ခိုက်ခံရစဉ်တွင် အာခိမိဒီးစ်၏ စစ်ဘက်ဆိုင်ရာတီထွင်မှုများဖြင့် ကူညီကာကွယ်နိုင်ခဲ့သည်။ ဘုရင်ဟီရွန် ကွယ်လွန်ပြီးနောက် ရောမစစ်ဗိုလ်ချုပ် မားကပ်စ်ကလော်ဒီးယပ်စ်မာဆဲလပ်စ် (ဘီစီ ၂၆၈-၂၀၈)က ဆိုင်ရာကျော့စ်မြို့အား ကုန်းလမ်း ရေလမ်းတို့မှ ချီတက်တိုက်ခိုက်ခဲ့သည်။ အာခိမိဒီးစ်တီထွင်သည့် ကြီးမားသော ကျောက်တုံးကြီးများဖြင့် ပစ်ခတ်နိုင်သည့် ကျောက်တုံးပစ်ကိရိယာဖြင့် ကုန်းလမ်းမှ တိုက်ခိုက်လာသူများကို တုံ့ပြန်နိုင်ခဲ့သကဲ့သို့ အာခိမိဒီးစ်၏ မှန်ဘီလူး အလင်းဗဟိုသို့ စုစေသောနည်းဖြင့် ရေကြောင်းမှ ရောမစစ်သင်္ဘောများ၏ ရွက်များကို မီးလောင်စေကာ စစ်သင်္ဘောများကို ပျက်စီးစေခဲ့သည်။ သို့သော်လည်း နောက်ဆုံးတွင် ဆိုင်ရာကျော့စ်မြို့သည် ရောမတပ်များ၏ လက်အောက်သို့ ကျရောက်ခဲ့သည်။ အာခိမိဒီးစ်သည် လက်ထပ်ခဲ့ခြင်းရှိမရှိနှင့် သားသမီးရရှိခဲ့ခြင်း ရှိမရှိကို မသိရပေ။ အာခိမိဒီးစ်သည် ၄င်းအား အာခိမိဒီးစ်မှန်း မသိသော ရောမစစ်သားတစ်ဦး၏ပစ်ခတ်မှုကြောင့် ဘီစီ၂၁၂ တွင် ကွယ်လွန်ကာ ၄င်း၏ပညာရှင်ဘဝကို တစ်သက်တာ စွန့်ခွာခဲ့ရပါကြောင်း။ ။

ကိုးကား-အင်တာနက်

ချစ်စိုးနိုင်ရေးသားသည်

ညစာစားပြီးချိန် ရုပ်မြင်သံကြားမကြည့်သင့် အဝလွန်မှုနှင့် သွေးတိုးရောဂါများဖြစ်ပွားနိုင်ဟုဆို

အင်တာနက် ကျန်းမာရေး

ညစာစားပြီးချိန်တွင် ရုပ်မြင်သံကြားရှေ့၌ထိုင်ကာ ဖျော်ဖြေရေးအစီအစဉ်များ ကြည့်ရှုခြင်းသည် အဝလွန်ခြင်းနှင့် သွေးတိုးရောဂါများဖြစ်ပွားရန် အခွင့်အလမ်းများကြောင်း တရုတ်သုတေသနပညာရှင်များက သတိပေးလိုက်သည်။

အမျိုးသားများထက် အမျိုးသမီးများသည် ညစာစားပြီး အချိန်အနည်းငယ်အကြာ၌ ရုပ်မြင်သံကြားရှေ့တွင် အချိန်ကြာမြင့်စွာ ကြည့်ရှုတတ်ကြကြောင်း၊ ထိုသို့သောလုပ်ရပ်မှာ ကျန်းမာရေးထိခိုက်စေကြောင်း ၄င်းတို့က ပြောကြားသည်။

အမျိုးသမီးများအနေဖြင့် ညစာစားပြီးချိန်တွင် ပန်းကန်ဆေးခြင်း၊ အခန်းအတွင်း သန့်ရှင်းရေးပြုလုပ်ခြင်း စသည့် အပေါ့စားအိမ်မှုကိစ္စများကို ဆောင်ရွက်သင့်ကြောင်း၊ သို့မှသာ အစာကြေညက်ခြင်းနှင့် ခန္ဓာကိုယ်အတွင်း သွေးစီးဆင်းမှု မှန်ကန်ခြင်းတို့ ဖြစ်စေနိုင်သည်ဟု တရုတ်သုတေသနပညာရှင်များက ထောက်ပြကြသည်။

ထို့အပြင် အမျိုးသမီးများ အနေဖြင့် နံနက် စောစော အချိန်၌ စုပေါင်းကိုယ်လက်လေ့ကျင့်ခန်းပြုလုပ်ပေးပါက အမျိုးသမီးများတွင် ဖြစ်ပွား တတ်လေ့ရှိသော သွေးနှင့် ပတ် သက် သည့် ရောဂါများ မဖြစ်ပွား နိုင်ကြောင်း သိရသည်။

ဘဝအမောပြေ — အဖြစ်မှန်က....

နားရွက်တစ်ဖက်က အလွန်သေးငယ်ပြီး အခြားနားရွက်တစ်ဖက်က အလွန်ကြီးမားသော သူဌေးတစ်ဦးသည် ဝန်ထမ်းတစ်ဦးခန့်အပ်ရန် ကိုယ်တိုင်စစ်ဆေးလျက်ရှိရာ အင်တာဗျူးလာဖြေသူတိုင်း ၄င်းကိုကြည့်ကာ ရယ်မောနေသဖြင့် စိတ်တိုပြီးတစ်ဦးမျှ မခန့်နိုင်ဘဲဖြစ်နေရာ နောက်ဆုံးစစ်ဆေးရန် လူတစ်ဦးဝင်ရောက်လာသဖြင့် သူဌေးက မေးမြန်းလေသည်။

သူဌေး ။ ။ ကဲ…ပထမဆုံးအနေနဲ့ ကျွန်ုပ်ကိုသေသေချာချာ ကြည့်ပါ။

အလုပ်လျှောက်သူ ။ ။ သူဌေးကို သေသေချာချာကြည့်ပြီး မရယ်မပြုံး ပင်ကိုအမူအရာအတိုင်း ရှိနေသည်။

သူဌေး ။ ။ ကျွန်ုပ်နဲ့ပတ်သက်ပြီး ဘာပြောချင်ပါသလဲ…

အလုပ်လျှောက်သူ ။ ။ ဘာမှမပြောလိုပါဘူး…ကုမ္ပဏီပိုင်ရှင်တစ်ဦးဟာ အရည်အချင်းရှိမှ ဖြစ်တာပါ။

သူဌေး ။ ။ ဟုတ်ပြီ…စိတ်တည်ငြိမ်မှုရှိတယ်… ထက်မြက်တယ်…သူတစ်ပါးရဲ့ အားနည်းချက်ကို အပြစ်အနေနဲ့မမြင်ဘူး… အလုပ်ခန့်မယ်…ဟုပြောပြီး အတွင်းရေးမှူးကိုခေါ်ကာ လိုအပ်သည့် အချက်အလက် စာရွက်စာတမ်း တောင်းယူခိုင်းလေသည်။ ထိုအခါအတွင်းရေးမှူးက အနီးကပ် ကြည့်ရှုပြီး သူဌေးအား ပြောရာတွင်…

အတွင်းရေးမှူး ။ ။ သူဌေး…သူက မျက်စိကွယ်နေတဲ့သူပါခင်ဗျာ။

သူဌေး ။ ။ "ဟေ"

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

(၆၁)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၅

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ (၆၁)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၄ရက် နံနက်၈နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ ကျင်းပသည်။

ဩဝါဒကထာ

အခမ်းအနားတွင် တိပိဋကဓရ ရွေးချယ်ရေး ဩဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အဂ္ဂဝံသာဘိဝံသထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမ တိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက သာရဏီယဩဝါဒကထာကို မြွက်ကြား ချီးမြှင့်တော်မူသည်။

လျှောက်ထား

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် သာသနာရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်တို့က သာသနာရေး ဆိုင်ရာများကို လျှောက်ထားကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် (၆၁)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကျင်းပရေးအတွက် အလှူရှင် ၁၉ဦးတို့က စုစုပေါင်း အလှူငွေကျပ် ၁၂၃၆၀၀၀၀ကို ပေးအပ်လှူဒါန်းကြသည်။

စတင်ကျင်းပ

အခမ်းအနားအပြီးတွင် ဆရာတော် သံဃာတော်များအား အလှူရှင်များက သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို လောင်းလှူကြပြီး မွန်းလွဲ၁နာရီတွင် မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၌ တိပိဋကဓရ အာဂုံဆောင်ပွဲကို စတင်ကျင်းပသည်။

(သတင်းစဉ်)

ရမ်းပြဲမြို့နယ်အသင်း (ရန်ကုန်)
နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၅

ရမ်းပြဲမြို့နယ်အသင်း (ရန်ကုန်)၏ (၂၂)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို ၂၀၀၉ခုနှစ် ဇန်နဝါရီ၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ဗဟန်းမြို့နယ် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်ရှိ ရခိုင်ပြည်နယ် ဓမ္မာရုံ၌ ကျင်းပမည် ဖြစ်သည်။

နှိုးဆော်ထား

အစည်းအဝေးတွင် နိုင်ငံတော်၏ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခြင်းခံရသည့် ရမ်းပြဲမြို့နယ်ဖွား ဆရာတော်ကြီး ငါးပါးအား ပူဇော်ခြင်း၊ လူပုဂ္ဂိုလ် သုံးဦးအား ချီးကျူးဂုဏ်ပြုခြင်း၊ အသက်(၇၅)နှစ်နှင့်အထက် သက်ကြီး ပုဂ္ဂိုလ်များအား ပူဇော်ကန်တော့ခြင်း၊ ပညာရည်ချွန်ဆု ချီးမြှင့်ခြင်း၊ အမှုဆောင်အသစ် ရွေးချယ်တင်မြှောက်ခြင်း တို့ကို ပြုလုပ်မည်ဖြစ်ရာ အသင်းဝင်များနှင့် ရမ်းပြဲမြို့နယ်သူ မြို့နယ်သားများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် နှိုးဆော်ထားသည်။

စာရင်းပေးသွင်းနိုင်

ပူဇော်ကန်တော့ပွဲ၊ ဂုဏ်ပြုပွဲများအတွက် အလှူငွေထည့်ဝင်လိုသူများနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲအတွက် အမည်စာရင်း ပေးသွင်းလိုသူများသည် အသင်းဥက္ကဋ္ဌ ဦးချမ်းမောင် ဖုန်း-၅၁၃၄၆၂၊ အသင်းဒုတိယဥက္ကဋ္ဌများဖြစ်သော ဦးဦးသာရွှေ ဖုန်း-၀၉-၅၁-၆၅၈၆၀၊ ဦးဘိုးတင် ဖုန်း-၀၉-၈၅-၀၂၈၂၁၊ အတွင်းရေးမှူး ဦးအောင်ကျော်ဦး ဖုန်း-၀၉-၅၀-၁၄၂၆၄၊ ဘဏ္ဍာရေးမှူး ဒေါ်မြတင် ဖုန်း-၂၅၄၂၁၀တို့နှင့် နီးစပ်ရာ အမှုဆောင်များသို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့
အမျိုးသားရေး ဦးတည်ချက် (၄)ရပ်

၁။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

၂။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်း ထိန်းသိမ်းကာကွယ်ရေး။

၃။ ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက် ဆန္ဒမဲဖြင့် အတည်ပြုပြီး ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသား အားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်ရေး။

၄။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် အောင်မြင်ရေး အတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက် ရေး။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့ အသိပညာပေး ဟောပြောပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့က ကြီးမှူး၍ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်၈နာရီခွဲတွင် ရန်ကုန်မြို့ သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာရှိ မွန်ရိုးရာအိမ်၌ ကျင်းပသည်။

တက်ရောက်

ဟောပြောပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါ်ကျင်ခိုင်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာရှိ စီမံကိန်းဝန်ထမ်းများ၊ သရုပ်ပြယဉ်ကျေးမှုဝန်ထမ်း တိုင်းရင်းသူများ တက်ရောက်ကြသည်။

ဟောပြော

အစီအစဉ်အရ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါ်ကျင်ခိုင် **(အောက်ပုံ)**က အဖွင့်အမှာစကား ပြောကြားပြီး ဆက်လက်၍ တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင် ပါမောက္ခ ဒေါက်တာဒေါ်မေဝင်းအောင်ခင်က အမျိုးသမီးများအတွက် ကျန်းမာရေးဆိုင်ရာ သိမှတ်ဖွယ်ရာများကို အသိပညာပေး ဟောပြောဆွေးနွေးသည်။

အမှတ်တရပစ္စည်းပေးအပ်

ဟောပြောပွဲအပြီးတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါ်ကျင်ခိုင်နှင့် တာဝန်ရှိသူများသည် အသိပညာပေး ဟောပြောပွဲသို့ တက်ရောက်လာသော တိုင်းရင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အမှတ်တရပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နဝမအကြိမ် မြို့တော်ဝန်ဖလား ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲ ရေတံခွန်တောင်ဂေါက်ကွင်း၌ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၅

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ နှစ်ပတ်လည်အထိမ်းအမှတ် နဝမအကြိမ် မြို့တော်ဝန်ဖလား ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၇ရက်နှင့် ၂၈ရက်တို့တွင် ရေတံခွန်တောင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်နိုင်

ပြိုင်ပွဲကို ပညာရှင်အဆင့်နှင့် အပျော်တမ်းအဆင့်ဟူ၍ နှစ်မျိုးခွဲခြား ပြုလုပ်သွားမည်ဖြစ်ပြီး ယခုအကြိမ်တွင်လည်း ယခင်နှစ်များနည်းတူ အမျိုးသမီးဂေါက်သီးရိုက် အားကစားသမားများ ပါဝင်ယှဉ်ပြိုင်နိုင်ရန် စီစဉ်ထားသည်။

စာရင်းပေးသွင်းနိုင်

ပါဝင်ယှဉ်ပြိုင်လိုသူများသည် ရေတံခွန်တောင်ဂေါက်ကွင်း ဖုန်း-၀၂-၈၈၇၄၄၊ ၀၉-၂၀-၂၈၃၂၇၊ ၀၉-၂၀-၃၁၄၂၁တို့သို့ ဒီဇင်ဘာ ၂၅ရက် နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။ ပြိုင်ပွဲတွင် ဆုကြေးများကို ထိုက်တန်စွာချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

လုပ်ငန်းညှိနှိုင်းစည်းဝေး

ဒီဇင်ဘာ ၁၅ရက်က ၂၀၀၉ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ နေပြည်တော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနား ကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် ၂၀၀၉ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ နေပြည်တော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနား ကျင်းပရေးဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ရှင်းလင်းပြောကြားစဉ်။ (သတင်း-ကျော်ဖုံး)
(သတင်းစဉ်)

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့ သက်ကြီးပူဇော်

ရန်ကုန် ဒီဇင်ဘာ ၁၅

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့က ကြီးမှူးကျင်းပသော (၂၆)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ အဆိုပါအသင်းရုံး ခန်းမ(အေ)၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို)ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ဦးကျော်မြင့်နိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အမျိုးသမီးဆရာဝန်များအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်မာအေးက အခမ်းအနား ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက ကန်တော့ခံသက်ကြီးဆရာဝန်ကြီးများအား တစ်ဦးလျှင် ငွေကျပ်သုံးသောင်းစီ၊ Zifam Co., Ltd. နှင့်အဖွဲ့က တစ်ဦးလျှင် ငွေကျပ် ၆ဝဝဝတန်ဖိုးရှိ ဆေးဝါးများ၊ ဒေါက်တာ ဒေါ်ဝေဝေသာနှင့် ဒေါက်တာဒေါ်နုနုသာတို့က Doctors Directory စာအုပ်များဖြင့် ကန်တော့ကြပြီး ကန်တော့ပစ္စည်းများကို ကံစမ်းမဲဖောက်ပေးကြသည်။ **(သတင်းစဉ်)**

သက်ကြီးပူဇော်

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့၏ (၂၆)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ အခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ် လေးလပတ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

စစ်တွေ ဒီဇင်ဘာ ၁၅

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၈ ခုနှစ် ဒုတိယ လေးလပတ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဒီဇင်ဘာ ၅ရက်နှင့် ၆ရက်က စစ်တွေမြို့ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး စိုးလွင်၊ ခရိုင်၊မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် လမ်းတံတား အထူးအဖွဲ့များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အစီအစဉ်အရ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက အဖွင့်အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများက စီမံကိန်းလျာထားချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုများအား ရှင်းလင်းတင်ပြခဲ့ရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်းသိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

သွေးလှူရှင်များ ဂုဏ်ပြုပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၅

သွေးလှူရှင်များနေ့ အထိမ်းအမှတ်အဖြစ် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနက ကြီးမှူးကျင်းပသည့် (၃၂)ကြိမ်မြောက် သွေးလှူရှင်များ ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့နံနက်၈နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်)အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဦးကျော်ညွန့်စိန်က အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် အမျိုးသားသွေးဌာနသို့ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။ ယင်းနောက် (၁၇၅)ကြိမ် သွေးလှူရှင်တစ်ဦး၊ (၁၁၅)ကြိမ်နှင့်အထက် သွေးလှူရှင် ရှစ်ဦး၊ အကြိမ်(၁၀၀)နှင့်အထက် သွေးလှူရှင်၂၄ ဦးအပါအဝင် အကြိမ်(၅၀)နှင့်အထက် သွေးလှူရှင်စုစုပေါင်း ၆၃၈ ဦးတို့အား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း လေဆာသွားတိုက်ဆေးအား စံချိန်စံညွှန်းမီ သွားတိုက်ဆေးအဖြစ် အသိအမှတ်ပြု လက်မှတ်ပေးအပ်ပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၅

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်းက လေဆာသွားတိုက်ဆေးအား စံချိန်စံညွှန်းမီ သွားတိုက်ဆေးအဖြစ် အသိအမှတ်ပြု လက်မှတ်ပေးအပ်ပွဲကို ဒီဇင်ဘာ ၁၃ရက် ညနေ ၆နာရီခွဲက ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဦးသိန်းထွဋ်က အမှာစကားပြောကြားပြီး စံချိန်စံညွှန်းမီ သွားတိုက်ဆေးအဖြစ် အသိအမှတ်ပြုလက်မှတ်ကို လေဆာကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးရဲလင်းထံ ပေးအပ်သည်။

ထို့နောက် ဦးရဲလင်းက လေဆာသွားတိုက်ဆေး စံချိန်စံညွှန်းမီ ထုတ်လုပ်ထားရှိမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ကျန်းမာရေးနှင့်ညီညွတ်

လေဆာသွားတိုက်ဆေးကို ခေတ်မီစက်ကိရိယာများ၊ အဆင့်မြင့်ထုပ်ပိုးပစ္စည်းများ၊ ကျန်းမာရေးနှင့် ညီညွတ်သောအရည်အသွေးမြင့် ကုန်ကြမ်းပစ္စည်းများ အသုံးပြု ထုတ်လုပ်ထားသောကြောင့် ကျန်းမာရေးကို မြှင့်တင်ပေးသည့်အနေဖြင့် လည်းကောင်း၊ သွားရောဂါကို ကာကွယ်သည့်အနေဖြင့်လည်းကောင်း အသုံးပြုနိုင်သည်။ ထို့အပြင် အရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်စေရန် သုတေသနပြုလျက်ရှိပြီး မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်းနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

စတင်ရောင်းချ

လေဆာသွားတိုက်ဆေးအပြင် ရေမွှေးဆွတ်ရန် မလိုသော အမျိုးသားသုံး ဆပ်ပြာကိုလည်း အထူးဈေးနှုန်းဖြင့် စတင်ရောင်းချပေးနေပြီဖြစ်ပြီး အကောင်းဆုံးအရည်အသွေးဖြင့် ထုတ်လုပ်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပေးအပ်

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းက လေဆာသွားတိုက်ဆေးအား စံချိန်စံညွှန်းမီ သွားတိုက်ဆေးအဖြစ် အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲတွင် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဦးသိန်းထွဋ်က အသိအမှတ်ပြုလက်မှတ်ကို လေဆာကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးရဲလင်းထံ ပေးအပ်စဉ်။ (သတင်းစဉ်)

ပတ္တမြားဆီစက် (၄)နှစ်ပြည့် အခမ်းအနားနှင့် ပတ္တမြားပဲပိစပ်ဆီသန့် ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၅

Ruby Lion Manufacturing Co., Ltd. ၏ ပတ္တမြားဆီစက် (၄)နှစ်ပြည့် အခမ်းအနားနှင့် ပတ္တမြား ပဲပိစပ်ဆီသန့် ရှင်းလင်းပွဲကို ဒီဇင်ဘာ ၈ရက် မွန်းလွဲ ၁နာရီက ပတ္တမြားဆီစက်တည်ရှိရာ ရန်ကုန်မြို့ ရွှေပြည်သာစက်မှုဇုန်(၃) ဦးထွန်းညိုလမ်းနှင့် ဦးဖိုးလှိုင်လမ်းထောင့်ရှိ အကွက်အမှတ် (၁၆/၆၄)၌ ကျင်းပရာ ရှေးဦးစွာ Ruby Lion Manufacturing Co., Ltd. ဒုတိယဥက္ကဋ္ဌ ဦးမျိုးဝင်းက ပတ္တမြားဆီစက်၏ ရည်ရွယ်ချက်ဖြစ်သည့် အမြတ်အစွန်းကို အဓိကမထားဘဲ အရည်အသွေး အဆင့်အတန်းရှိ စားသုံးဆီများ ထုတ်လုပ်ရခြင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အကြံပေးပုဂ္ဂိုလ်ဦးသန်းထိုက်နှင့် နည်းပညာအကြံပေးပုဂ္ဂိုလ် ဦးကျော်ဝင်းတို့က ပတ္တမြားဆီစက်နှင့် ပတ္တမြား ပဲပိစပ်ဆီသန့် ထုတ်လုပ်မှု အကြောင်းတို့ကို ရှင်းလင်းပြောကြားကြပြီး စာနယ်ဇင်းများ၏ မေးမြန်းဆွေးနွေးချက်များကို ဒါရိုက်တာ ဒေါ်သန္တာလင်းနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

ထုတ်လုပ်ဖြန့်ဖြူး

ပတ္တမြားဆီစက်သည် နိုင်ငံတော်၏ သွင်းကုန်အစားထိုးလုပ်ငန်းအဖြစ် ကျန်းမာရေးနှင့် ညီညွတ်၍ အာဟာရပြည့်ဝသည့် ဆီကောင်းဆီသန့်များနှင့် ပရိုတင်းကြွယ်ဝသော တိရစ္ဆာန်အစာ ပဲဖတ်လုပ်ငန်းများကို ခေတ်မီနည်းစနစ်များ အသုံးပြု၍ ပဲပိစပ်နှင့် မြေပဲများမှ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည်။

ပတ္တမြားဆီစက်ကို ၂၀၀၄ ခုနှစ်တွင် စတင်လည်ပတ်၍ တစ်နေ့လျှင် ပဲတန် ၁၀၀ခန့် ကြိတ်ခွဲထုတ်လုပ်လျက်ရှိသည်။ ထုတ်လုပ်ရရှိသည့်ဆီများတွင် မပြည့်ဝဆီဓာတ်ပါဝင်မှုနှုန်းများခြင်းကြောင့် အလွန်အေးသောရာသီတွင် အေးခဲခြင်းမရှိပေ။ မပြည့်ဝဆီဓာတ်များဖြစ်သည့် Polyunsaturated Fatty Acid နှင့် Monounsaturated Fatty Acid များသည် ခန္ဓာကိုယ်တွင် မကောင်းသည့် Cholesterol, Low Density Lipoprotein (LDL) များကို ထိရောက်စွာ ကျဆင်းစေသည်။

အထောက်အကူပြု

ပဲပိစပ်ဆီသန့် ၁၀၀ ဂရမ်သည် အင်အားစွမ်းအင်(၃၇၀၀) Kilojoules ပေးစွမ်းသည်။ ထို့အပြင် ပေါ်လီဆီ အမြင့်ဆုံးပါဝင်သဖြင့် (LDL) ကျဆင်းစေပြီး နှလုံးသွေးကြောကျဉ်းရောဂါ၊ ဦးနှောက်သွေးကြောပိတ်ရောဂါ၊ သွေးတိုးရောဂါဖြစ်စေခြင်းမှ လျော့နည်းစေကာ အူလမ်းကြောင်းနှင့် အူမကြီးကင်ဆာဖြစ်စေခြင်းမှ ကာကွယ်ပေးသည်။ ပဲပိစပ်ဆီသန့်တွင် ပါဝင်သည့် ပေါ်လီဆီများမှာ လူ့ခန္ဓာကိုယ်တွင် မရှိမဖြစ်လိုအပ်သော အဆီဓာတ်များဖြစ်သည့် Essential Fatty Acid (EFAS) ဟု တင်စားခံရသော Omega 3, Omega 6, အဆီ အုပ်စုများပါဝင်သည်။ ယင်းတို့သည် ဦးနှောက်ဆဲလ်လုပ်ငန်းများနှင့်ခန္ဓာကိုယ်ဆဲလ်များ၏ ဖွဲ့စည်းမှုအတွက် အဓိကကျသဖြင့် ဉာဏ်ရည်ဖွံ့ဖြိုးခြင်း၊ မှတ်ဉာဏ်ကောင်းခြင်း၊ အသားအရေနှင့် ဆံပင်ကောင်းခြင်းတို့ကို ဖြစ်စေသည်။ တန်ဖိုးကြီးပင်လယ်ငါးကြီးများမှ ရရှိသည့် ငါးကြီးဆီကဲ့သို့ Omega 3 ပါဝင်သည့် ပဲပိစပ်ဆီကို နေ့စဉ်အစားအသောက်များတွင် ထည့်သွင်းစားသုံးခြင်းဖြင့် ခန္ဓာကိုယ် ကျန်းမာရေးကို အထောက်အကူပြုသည်။

ကျန်းမာရေးအတွက် ရွေးချယ်သုံးစွဲသင့်သည့် ပတ္တမြား ပဲပိစပ်ဆီသန့်ကို ရန်ကုန်မြို့ ဘုရင့်နောင် သီရိမွန်လမ်းမကြီး သီရိမွန်ပလာဇာ အမှတ် ၂၆/၂၈ ဖုန်း-၆၈၂၉၄၁၊၆၈၂၀၁၇နှင့် ၆၈၂၄၆၁၊ e-mail; rubyoil @ rubylion-myanmar.com ၊ www. rubylionmyanmar.com တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဧရာဝတီတိုင်း ပုသိမ်မြို့ ဒီဇင်ဘာအားကစားလ လူထုလမ်းလျှောက်ပွဲ တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ ပါဝင်ဆင်နွှဲ

ရန်ကုန် ဒီဇင်ဘာ ၁၅

ဧရာဝတီတိုင်း အားကစားနှင့်ကာယပညာကော်မတီက ကြီးမှူးကျင်းပသော ပုသိမ်မြို့ ဒီဇင်ဘာအားကစားလ ပထမပတ် လူထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာ၆ရက် နံနက်၅နာရီက ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးရှေ့ စုရပ်မှ မဟာဗန္ဓုလလမ်းတစ်လျှောက်ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် ဇနီး ဒေါ်ဝင်းဝင်းမော်၊ စစ်ဘက် နယ်ဘက်မှ အရာရှိကြီးများနှင့် ဇနီးများ၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး တိုင်းအုပ်ချုပ်ရေးမှူး ဦးကျော်စန်းနှင့် ဇနီး ဒေါ်ရီရီအောင်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ သူနာပြုများ၊ မြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ မိဘပြည်သူများ စုစုပေါင်းအင်အား ၂၁၀၀၀တို့က ပုသိမ်မြို့အဝင် ရုပ်တုအထိ တပျော်တပါး စုပေါင်းလမ်းလျှောက်ကြပြီး အဆိုပါရုပ်တုအဝိုင်း၌ စုပေါင်း၍ အားကစားလေ့ကျင့်ခန်းများ ပြုလုပ်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

အရည်အသွေးကောင်းမွန်သည့် လယ်ယာသုံးစက်ပစ္စည်းများ တိုးတက်ထုတ်လုပ်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၅

အရည်အသွေးကောင်းမွန်သည့် လယ်ယာသုံးစက်ပစ္စည်းများ တိုးတက်ထုတ်လုပ်ရေး ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ၁၄ရက် ညနေပိုင်းတွင် အမှတ်(၂)လယ်ယာသုံးစက်ပစ္စည်းစက်ရုံ(မလွန်)၌ကျင်းပရာ အစည်းအဝေးသို့ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ မြန်မာ့လယ်ယာသုံးစက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းမှ တာဝန်ရှိသူများ၊ အမှတ်(၁) လယ်ယာသုံးစက်ပစ္စည်းစက်ရုံ(ဆင်တဲ)နှင့် အမှတ်(၂)လယ်ယာသုံးစက်ပစ္စည်းစက်ရုံ(မလွန်)တို့မှ အထွေထွေမန်နေဂျာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အလေးထားဆောင်ရွက်

ညှိနှိုင်းအစည်းအဝေး၌ ဝန်ကြီးက ဧရာ(၁)လက်တွန်း ထွန်စက်များ၊ ထွန်စက်ကြီးများ၊ သုံးဘီးလမ်းကြိတ်စက် များနှင့် မြင်းကောင်ရေ၈၀ အင်ဂျင်များ၏ စွမ်းဆောင် ရည်နှင့် အရည်အသွေးပိုမိုကောင်းမွန်အောင် ထုတ်လုပ်ရေး၊ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်၏ ထုတ်လုပ်မှုနှင့်ရောင်းချမှု ရည်မှန်းချက်ပြည့်မီရေးအတွက် ရှေ့ဆက်လက် ဆောင်ရွက် ရမည့် ထုတ်လုပ်မှုနည်းဗျူဟာ (Production Strategy)၊ Nozzle Injection Pump ထုတ်လုပ်မှုနှင့် ပြင်ပဌာနများမှ မှာယူသည့် ပစ္စည်းများထုတ်လုပ်မှုကို အလေးထားဆောင်ရွက်ရေး၊ အမှတ်(၁) လယ်ယာသုံးစက် ပစ္စည်းစက်ရုံနှင့် အမှတ်(၂) လယ်ယာသုံးစက်ပစ္စည်း စက်ရုံတို့ ဟန်ချက်ညီညီ ချိတ်ဆက်ပြီး ထုတ်လုပ်မှု အရှိန် အဟုန်ကောင်းအောင် ဆောင်ရွက်ရေး၊ ယခုဘဏ္ဍာရေး နှစ်၏ ကျန်ရှိသည့်လေးလအတွင်း ထုတ်လုပ်မှုလုပ်ငန်း များကို တက်တက်ကြွကြွ ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ညှိနှိုင်းဖြည့်ဆည်း

ထို့နောက် ဝန်ကြီးက လယ်ယာသုံးစက်ပစ္စည်းများ အရည်အသွေး တိုးတက်ကောင်းမွန်ရေးနှင့် ထုတ်လုပ်မှု အရှိန်အဟုန် တိုးတက်ကောင်းမွန်ရေးအတွက် လိုအပ်သည် များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် နှင့် ဝန်ကြီးများ ၂၀၀၈ခုနှစ် သတ္တမ အကြိမ်မြောက် မြန်မာအိုင်စီတီ ရက် သတ္တပတ်ပွဲတော်တွင် ပြည်တွင်း၊ပြည်ပ ကုမ္ပဏီများကခင်းကျင်းပြသထားသည့် ခေတ်မီအဆင့်မြင့်အိုင်တီနည်းပညာပစ္စည်း များ၊ ကုမ္ပဏီအလိုက် ထုတ်လုပ်သည့် အီလက်ထရွန်နစ်ပစ္စည်းများကို ကြည့်ရှု အားပေးကြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး ကျင်းပမည့်ရက်ရွှေ့ဆိုင်း

ရန်ကုန် ဒီဇင်ဘာ ၁၅

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း (၁၅)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို ဒီဇင်ဘာ၂၇ရက်တွင် ရန်ကုန်မြို့ ပြည်လမ်းရှိအပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာနအဆောက်အအုံ (I.B.C) ၌ ကျင်းပရန်ကြေညာထားသော်လည်း ယင်းနေ့တွင် မကျင်းပနိုင် ကြောင်းနှင့် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး ကျင်းပမည့်ရက် ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ *ရှေ့ဖုံးမှ*

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင် သောင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနဝန်ကြီး ဦးသောင်း၊ အမှတ် (၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ပညာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ချမ်းငြိမ်း၊ သစ်တောရေးရာဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ မန္တလေး မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌမြို့တော်ဝန်ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်၊ တပ်မတော်အရာရှိကြီး များ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊မြန်မာနိုင်ငံကွန်ပျူတာ အသင်းချုပ်မှ တာဝန်ရှိသူများ၊ ပြည် တွင်း ပြည်ပ အိုင်တီပညာရှင်များ၊ ရတနာပုံတယ်လီပို့၌ ရင်းနှီး မြှုပ်နှံ လုပ်ငန်းဆောင်ရွက်ကြမည့် ပြည်တွင်း ပြည်ပမှ လုပ်ငန်းရှင်များ၊ မန္တလေး တိုင်း ပြင်ဦးလွင်ခရိုင်နှင့် ပြင်ဦးလွင် မြို့နယ်တို့မှ ဒေသခံပြည်သူများ၊ လူမှု ရေးအသင်းအဖွဲ့ဝင်များ၊ဆရာ ဆရာမ များနှင့် ကျောင်းသား ကျောင်းသူများ၊ ပန်းဖွားအကအဖွဲ့များနှင့် ဖိတ်ကြား ထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနား မစတင်မီ ဝန်ကြီးများနှင့် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် လာကြသူများသည် သတ်မှတ်နေရာများတွင် နေရာယူကြ သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မြန်မာနိုင်ငံ အီလက် ထရွန်နစ်အမျိုးသားအဆင့် လုပ်ငန်း အဖွဲ့ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက် နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ၂၀၀၈ခုနှစ် သတ္တမအကြိမ်မြောက် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ကြည့်ရှုအားပေး

ထို့နောက် ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ရတနာပုံ တယ်လီပို့ အဆောက်အအုံအတွင်း ပြည်တွင်း ပြည်ပ ကုမ္ပဏီများက ခင်းကျင်းပြသထားသည့် ခေတ်မီ အဆင့်မြင့် အိုင်တီနည်းပညာပစ္စည်း များ၊ ကုမ္ပဏီအလိုက် ထုတ်လုပ်သည့် အီလက်ထရွန်နစ် ပစ္စည်းများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ကျင်းပမည်

၂၀၀၈ခုနှစ် သတ္တမအကြိမ် မြောက် မြန်မာအိုင်စီတီ ရက်သတ္တပတ် ပွဲတော်ကို ဒီဇင်ဘာ၁၂ရက်မှ ၁၆ရက် အထိ ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော် ရက်အတွင်း ဟောပြောပွဲနှင့် အလုပ်ရုံ ဆွေးနွေးပွဲများကို ရတနာပုံတယ်လီပို့ ပင်မအဆောက်အအုံ အစည်းအဝေး ခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

စည်ကား

၂၀၀၈ခုနှစ် သတ္တမအကြိမ် မြောက် မြန်မာအိုင်စီတီ ရက် သတ္တပတ်ပွဲတော်သို့ လာရောက် ကြည့်ရှုသူများဖြင့် စည်ကားလျက် ရှိသည်ကို တွေ့ရစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက် — သန်းသန်းနု ကိုးကားတင်ပြသည်

ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်တို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်း

ရန်ကုန် ဒီဇင်ဘာ ၁၅

ဒီဇင်ဘာ ၁၅ရက် မြန်မာနိုင်ငံ၏ ရာသီဥတု အခြေအနေကို ဖော်ပြရပါလျှင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများ၌ အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်များမှာ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီ စင်တီဂရိတ်အထိ၊ ချင်းပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ပဲခူး တိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်း တိုင်းအထက်ပိုင်းတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ ထက် ၅ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်း တို့၌ ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် (-၂)ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့တွင် ၃ဒီဂရီစင်တီ ဂရိတ်တို့ဖြစ်သည်။

ဒီဇင်ဘာ၁၆ရက် **(ယနေ့)** ပြည်နယ်နှင့် တိုင်း များ၏ ရာသီဥတုကိုခန့်မှန်းရပါက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာ မည်ဖြစ်သည်။

ဒီဇင်ဘာ၁၆ရက် **(ယနေ့)** နေပြည်တော်နှင့် မန္တလေး မြို့ အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်မူ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်ဖြစ်သည်။

တိမ်အသင့်အတင့်

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်၌ အများအားဖြင့် သာယာ နေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါ သည်။ ။

ကိုးကား-မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

ဝက်ဝံရုပ်ကြီးများ

ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီး ဥယျာဉ် တတိယ အကြိမ်မြောက် ပန်းပွဲတော်၌ ပန်းများဖြင့် ရုပ်လုံးဖော်ထားသော ဝက်ဝံရုပ်ကြီးများမှာ အသက်ဝင်လှသည်။

ခြင်္သေ့ရုပ်ကြီး

ရောင်စုံပန်းတို့ဖြင့် ပုံဖော်ထားသော ခြင်္သေ့ရုပ်ကြီးမှာလည်း ခံ့ခံ့ထည်ထည်။

ရောင်စုံပန်းတို့ ဖူးပွင့်ဝေဆာ အလှဖြာနေသော ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ် ပန်းပွဲတော်

ဓာတ်ပုံမှတ်တမ်း (သတင်းစဉ်)
စာမျက်နှာဖွဲ့စည်းမှု သန်းဇော်(မြန်မာ့အလင်း)

အမိ မြန်မာပြည်မြေပုံ၏ ရုပ်လုံးပေါ်အလှကို ဤသို့ ရောင်စုံပန်းများဖြင့် ပုံဖော်ထားသည်။

ရင်သပ်ရှုမော

ငှက်အသွင် ပျံကြွပျံတက်တော့မည့်အလား ရုပ်လုံးဖော်ထားသော လေယာဉ်ပျံကြီးကို ပြည်သူများ ရင်သပ်ရှုမောစွာဖြင့် ကြည့်မဝအောင်ဖြစ်ကြရသည်။

လာရောက်အပန်းဖြေ

ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် တတိယအကြိမ်မြောက် ပန်းပွဲတော်၌ ရေပန်းအလှနှင့် ရောင်စုံပန်းတို့ ဝေဆာနေသော ရေကန်ဝန်းကျင်၌ စိတ်နှလုံးချမ်းမြေ့စွာ လာရောက်အပန်းဖြေနေကြသော ပြည်သူများကို ဤသို့တွေ့ရသည်။



အမျိုးသားကန်တော်ကြီးဥယျာဉ် တတိယအကြိမ်မြောက် ပန်းပွဲတော်၌ ဤသို့သော ထူးခြားသည့် မှိုပွင့်ပုံပန်းပြကွက်ကိုလည်း တွေ့ရသည်။

သက်ရှည်ကျန်းမာလမ်းလျှောက်ပါ

မိုးဆွေအောင်
(စီးပွားရေးတက္ကသိုလ်)

"**အာရောဂျံ ပရမာ၊လာဘာ**"ဟူသည့် စကားအတိုင်း ကျန်းမာခြင်းသည် လူတိုင်းအတွက် အဖိုးထိုက်တန်သည့် လာဘ်ကြီးတစ်ပါးဖြစ်ပြီး ၎င်းအဖိုးထိုက်တန်၊ အမြတ်ဆုံးဖြစ်သည့် ""ကျန်းမာခြင်း"" လာဘ်ကို ရယူနိုင်ရေးအတွက် ကျန်းမာစေသည့် အနေအထိုင်၊ အစားအသောက်၊ အလေ့အကျင့်၊ အပြုအမူများ လိုအပ်လှပေသည်။ ယင်းသို့ ကျန်းမာရေးနှင့်ပြည့်စုံကာ အသက်ရှည်ရာအနာမဲ့ကြောင်း နည်းလမ်းကောင်းများနှင့် စပ်လျဉ်းပြီး မျှတသောအစာကို စားသောက်ခြင်း၊ ကြေကျက်လွယ်သော အစာအာဟာရကိုသာ စားသောက်လေ့ရှိခြင်း၊မိမိ၏ဝမ်းမီးနှင့် သင့်လျော်သော အာဟာရကိုစားသောက်ခြင်း၊ သီလဖြစ်စေ၊ ဥပုသ်သီလဖြစ်စေ စောင့်ထိန်းခြင်း၊ မိမိအကျိုးကို ဆောင်တတ်ကုန်သော မိတ်ကောင်းဆွေမွန်ရှိခြင်း၊ အချိန်ကာလဒေသကို လိုက်လျောညီထွေစွာ ပြုမူနေထိုင်ခြင်း၊ မမြတ်သောကာမဂုဏ်၊ မေထုန်အမှုတို့မှ ရှောင်ကြဉ်ခြင်း စသည့် အချက်တို့ကို မှတ်သားဖူးပါသည်။

ဖော်ပြပါ အသက်ရှည်ရာအနာမဲ့ကြောင်း နည်းလမ်းကောင်းများတွင်ပါဝင်သည့် ကြေကျက်လွယ်သော အစာအာဟာရကိုသာ စားသောက်ခြင်းနှင့်စပ်လျဉ်း၍ **သမ္မရောဂါနံ့အာဇီဏ္ဏကာံ**ဟု ဆိုရိုးရှိပါသည်။ ရောဂါအားလုံး၏ ဇာစ်မြစ်သည် အစာမကြေခြင်းကစတင်သည်ဟုအဓိပ္ပာယ်ရပါသည်။ ယင်းသို့ အစာကြေရန်အတွက် အစာကို ကြေညက်အောင် ဝါးစားရန် လိုအပ်သကဲ့သို့ စနစ်တကျ အချိန်မှန်မှန် လမ်းလျှောက်တတ်သည့် အလေ့အကျင့် ပြုလုပ်ပေးရန်လည်း လိုအပ်ပါသည်။

ကျန်းမာခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းတို့သည် **ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ** အပြန်အလှန်ဆက်စပ်လျက်ရှိသည်။ ကိုယ်လက်လှုပ်ရှားမှု အလေ့အကျင့်ရှိသူများသည် သာမန်လူများထက် အမောအပန်း ခံနိုင်ခြင်း၊ သက်လုံ ကောင်းမွန်ခြင်းတို့နှင့်ပြည့်စုံပြီး သွေးလည်ပတ်မှုကိုလည်း ပိုမိုကောင်းမွန်စေသည်။ နှလုံးကြွက်သားများ သန်မာလျက် ခန္ဓာကိုယ်တွင်း ပိုလျှံနေသည့် အဆီများကိုလည်း ဖယ်ရှားပေးနိုင်စွမ်း ရှိပေသည်။

ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းတွင် **လမ်းလျှောက်ခြင်း**သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ လမ်းလျှောက်ခြင်း (တစ်နည်း စင်္ကြံလျှောက်ခြင်း)နှင့် စပ်လျဉ်း၍ အကျိုးကျေးဇူးငါးပါးရှိကြောင်း ရှေးစာပေများတွင် **ခရီးသွားနိုင်၊ ကြံ့ခိုင်အားအင်၊ ကင်းစင်ရောဂါ၊ အစာကြေကျက်၊ မပျက်သမာဓိ၊ ငါးမျိုးရှိ၊ များ၏ စင်္ကြံအကျိုးတည်း**ဟု မှတ်သားလိုက်နာစရာ လင်္ကာဖွဲ့ဆိုထားပါသည်။

လေကောင်းလေသန့် ရရှိနိုင်မည့်နေရာများသို့ ဖြတ်သန်း၍ နေ့စဉ်မှန်မှန် လမ်းလျှောက်ခြင်းသည် ကိုယ်ခန္ဓာအညောင်းအညာကိုပြေစေပြီး ခန္ဓာကိုယ် ဣရိယာပုတ်ကိုလည်း မျှတစေပါသည်။ လမ်းလျှောက်စဉ် အသက်ကို ဝအောင်ရှူရန် လိုအပ်လှပါသည်။ ပထမဦးစွာလမ်းလျှောက်စကာလတွင် မိမိ၏အသက်အရွယ်နှင့် ကျန်းမာရေး အခြေအနေပေါ်မူတည်ပြီး မိမိလျှောက်နိုင်သည့် အတိုင်းအတာဖြင့် ခရီးအကွာအဝေး တိုတောင်းစွာလျှောက်၍ တဖြည်းဖြည်း ခရီးအကွာအဝေးကို တိုးမြှင့်လျှောက်ပေးရန် ဖြစ်ပါသည်။ လမ်းလျှောက်ရမည့် အကွာအဝေးအနေဖြင့် ပုံသေသတ်မှတ်ထားခြင်း မရှိပါ။ လူတစ်ဦးချင်းစီ၏ လိုအပ်မှုအနေအထား၊ အသက်အရွယ်အလိုက်သာ မူတည်ပြီး သင့်လျော်မည့် ခရီးအကွာအဝေးကို နေ့စဉ်မှန်မှန် လျှောက်ရန်သာ လိုအပ်ပါသည်။

လမ်းလျှောက်ခြင်းအပေါ် သုတေသီများ၏ သုတေသနပြုချက်အရ လူတစ်ဦးသည် တစ်ပတ်လျှင် တစ်နာရီမှ

ကိုယ်ခန္ဓာကျန်းမာရေးအတွက် အထောက်အကူဖြစ်စေမည့် လမ်းလျှောက်ခြင်းအဖြစ် ဒီဇင်ဘာအားကစားလ လူထုလမ်းလျှောက်ပွဲတစ်ခုတွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်ပြည်သူများ စုပေါင်း လမ်းလျှောက်ခဲ့ကြစဉ်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

သုံးနာရီအထိ တစ်နာရီလျှင် သုံးမိုင်နှုန်း လမ်းလျှောက်ပါက လေ့ကျင့်ခန်း မပြုလုပ်သူများထက် နှလုံးထိခိုက်ခံရမှုနှင့် သေဆုံးမှုရာခိုင်နှုန်း ၃၀ လျော့နည်းသွားသည်ကို တွေ့ရှိရကြောင်း၊ တစ်ပတ်လျှင် သုံးနာရီထက် အချိန်ပို၍လျှောက်မည်ဆိုပါက ယင်းအန္တရာယ်မှ နောက်ထပ်ငါးရာခိုင်နှုန်း လျော့ကျသွားနိုင်ကြောင်း သိရပါသည်။

လမ်းလျှောက်သည့် အမြန်နှုန်းကိုလည်း အလေးထားဂရုပြုရန် လိုအပ်ပါသည်။ သက်သောင့်သက်သာ အနေအထားဖြင့် တစ်နာရီလျှင် နှစ်မိုင်နှုန်းထက် လျော့နည်းလျှောက်ပါက နှလုံးထိခိုက်မှုအန္တရာယ်မှ ၂၅ ရာခိုင်နှုန်း လျော့နည်းပြီး အကယ်၍သုံးမိုင်နှုန်း သို့မဟုတ် ထိုနှုန်းထက်ပိုလျှောက်မည်ဆိုပါက အန္တရာယ်မှ ၃၆ရာခိုင်နှုန်း လျော့နည်းနိုင်ကြောင်း လေ့လာသိရှိရပါသည်။

လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများအနေဖြင့် သွေးတိုးကိုကျစေခြင်း၊ စိတ်ပိုင်းဆိုင်ရာ ကြည်လင်လန်းဆန်းစေခြင်း၊ အရိုးအဆစ်များကြံ့ခိုင်သန်စွမ်းစေခြင်း၊ ခန္ဓာကိုယ်၏ အလေးချိန်ကို(အဝမလွန်ကဲအောင်) ထိန်းသိမ်းထားနိုင်ခြင်း၊ ကြွက်သားများသန်မာပြီး သွေးကြော၊ လေကြောပွင့်၍ သန်စွမ်းဖျတ်လတ်စေခြင်း၊ သွေးအတွင်းမှ အဆီကျစေခြင်း၊ သွေးအတွင်းမှသကြားဓာတ် ကျစေခြင်းစသည်တို့ဖြစ်ကြပေသည်။

ထို့ပြင် လမ်းလျှောက်ခြင်းသည် ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ခြင်းဖြစ်သည့်အားလျော်စွာ နှလုံးစွမ်းအားနှင့် အဆုတ်စွမ်းအားတို့ကို တိုးပွားစေနိုင်ခြင်း၊ ကင်ဆာအကျိတ်အဖု (ဥပမာ-အူမကြီးကင်ဆာ၊ ဆီးကျိတ်ကင်ဆာစသည်)ရောဂါများ ဖြစ်ပွားနှုန်းကို လျော့နည်းစေခြင်း၊ အကြောအခြင်နာကျင်မှုသက်သာစေခြင်း၊ စိတ်ဖိစီးမှုလျော့နည်းစေခြင်းနှင့် စိုးရိမ်သောက ကြောင့်ကြစိတ်များ လျော့ပါးခြင်းတို့ကို ဖြစ်ပေါ်စေနိုင်ကြောင်း လေ့လာသိရှိရပေသည်။

ယခုအချိန် ဟေမန္တဆောင်းရာသီသို့ ဝင်ရောက်စကာလ၊ ချမ်းအေးသည့် ရာသီတွင် ကျရောက်သည့် ဒီဇင်ဘာလတွင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အားကစားသီတင်းပတ်များအဖြစ် စုပေါင်းလမ်းလျှောက်ပွဲများ ဆင်နွှဲကျင်းပလျက် ရှိကြသည်။ နိုင်ငံတစ်ဝန်းရှိ မြို့နယ်နှင့် ကျေးရွာများပါမကျန် **စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့**ဟူသော ကျန်းမာရေးဆိုင်ရာ နှိုးဆော်ချက်၊ **ကျန်းမာကြံ့ခိုင်၊ ပြည့်မဏ္ဍိုင်၊ ကိုယ်လက်လှုပ်ရှားအားကစား**ဟူသော ဆောင်ပုဒ်တို့နှင့်အညီ ပြည်သူများတပျော်တပါး စုပေါင်းလမ်းလျှောက်ကြသည်မှာ အားရဖွယ်တွေ့မြင်ရပေသည်။

အသက်အရွယ်မရွေး၊ လူတန်းစားမရွေး လှုပ်ရှားနိုင်သော အားကစားနည်းတစ်ရပ်ဖြစ်သည်သာမက ငွေကုန်ကြေးကျ အသက်သာဆုံးနှင့် အကောင်းဆုံးကျန်းမာရေးလေ့ကျင့်ခန်းလည်းဖြစ်သည့် ကိုယ်လက်လှုပ်ရှား လမ်းလျှောက်ခြင်းကို စနစ်တကျဆောင်ရွက်ခြင်းဖြင့် ရုပ်ပိုင်းဆိုင်ရာရော စိတ်ပိုင်းဆိုင်ရာပါ ကျန်းမာရေးပြည့်စုံမှုကို ပေးစွမ်းနိုင်မည်ဖြစ်ပြီး တစ်ဦးချင်းအတွက်သာမက နိုင်ငံတော်အတွက်ပါ အကျိုးရှိနိုင်မည်ဖြစ်ရာ **သက်ရှည်ကျန်းမာဖို့၊ လမ်းလျှောက်ကြပါစို့**ဟူသော ဆောင်ပုဒ်နှင့်အညီ ဆင်နွှဲလျက်ရှိသော ဒီဇင်ဘာလူထုစုပေါင်းလမ်းလျှောက်ပွဲများတွင် အင်တိုက်အားတိုက် ပါဝင်ဆင်နွှဲသင့်ကြပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ကိုယ်လက်လှုပ်ရှားမှု အလေ့အကျင့်ရှိသူများသည် သာမန်လူများထက် အမောအပန်း ခံနိုင်ခြင်း၊ သက်လုံကောင်းမွန်ခြင်းတို့နှင့် ပြည့်စုံပြီး သွေးလည်ပတ်မှုကိုလည်း ပိုမိုကောင်းမွန်စေသည်။ နှလုံးကြွက်သားများ သန်မာလျက် ခန္ဓာကိုယ်တွင်း ပိုလျှံနေသည့် အဆီများကိုလည်း ဖယ်ရှားပေးနိုင်စွမ်း ရှိပေသည်။

ခုခံအားကျဆင်းမှု ကူးစက်ရောဂါ
တိုက်ဖျက်ရေးနေ့အခမ်းအနား မြောက်ဥက္ကလာပ၌ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၅

ရန်ကုန် အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့်ခရိုင်ကျန်းမာရေး ကြီးကြပ်ရေးကော်မတီတို့ ပူးပေါင်းဆောင်ရွက်သော ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဒီဇင်ဘာ ၄ရက် ညနေ၃ နာရီက မြောက်ဥက္ကလာပမြို့နယ် ခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြင်မြိုင်က အဖွင့်အမှာစကား ပြောကြားပြီး မြောက်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ဦးက ရာသက်ပန် အသင်းဝင် အဆိုပြုလွှာ ၂၀၀၀ကို တိုင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌထံသို့ပေးအပ်ကာ တိုင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌမှ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံးနှင့် ဉာဏ်စမ်းဖြေဆိုပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်သည်။

ဆက်လက်၍ တိုင်း အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါ အထူးကု ဆရာဝန်ကြီး ဒေါက်တာမျိုးသန့်က ဆွေးနွေးတင်ပြပြီး မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ဦးက မြို့နယ်အတွင်းရှိ အေအိုင်ဒီအက်စ်၊ တီဘီနှင့် နာတာရှည်ဝေဒနာရှင်များအား အိမ်တိုင်ရာရောက် ပြုစုစောင့်ရှောက်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ တိုင်း ကြီးကြပ်ရေးဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ပြသထားသော ပြခန်းကို လှည့်လည်ကြည့်ရှု၍ ဝေဒနာရှင်များ၏ နေအိမ်များသို့ ကွင်းဆင်းထောက်ပံ့မှုများ ပြုလုပ်ကြ ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

နိုဝင်ဘာ၂၈ရက်က ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးလုပ်ငန်းဖြစ်သော ရေနံချောင်းမှ ချောက်မြို့အဝင် မြို့ဝင်ဆိုင်းဘုတ်အနီး မြေယာရှုခင်းအလှ ပြုပြင်ဆောင်ရွက်ထားရှိမှုကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် လာရောက်ကြည့်ရှုစစ်ဆေးရာ အမှုဆောင် အရာရှိ ဦးစိုးသန်းက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

နွေစပါးအပြည့်အဝ စိုက်ပျိုးရေး
ကျောက်တော်မြို့၌ ဆွေးနွေး

စစ်တွေ ဒီဇင်ဘာ ၁၅

ရခိုင်ပြည်နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးကျော်မြင့်၊ စစ်တွေခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအေးသောင်းနှင့်အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၂ရက် နံနက်က ကျောက်တော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့်တာဝန်ရှိသူများ လိုက်ပါလျက် ပြိုင်းချောင်းရေလှောင်တမံအနီးရှိ တောင်ထောင်ကျေးရွာတွင် ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဒေသခံနွေစပါးစိုက်ပျိုးမည့် တောင်သူကြီးနှင့် တွေ့ဆုံကာ နွေစပါးဧက ၄၄၆၂ အပြည့်အဝ စိုက်ပျိုးရေးကို တွေ့ဆုံဆွေးနွေးသည်။

သင်တန်းပို့ချ

ရခိုင်ပြည်နယ်တွင် ၂၀၀၇-၂၀၀၈ခုနှစ် နွေစပါးဧက ၂၃၁၀၃ဧက စိုက်ပျိုးရာ ၇၅ဒသမ၈၆တင်းနှုန်းထွက်ရှိပြီး ကျောက်တော်မြို့နယ်၌ ၂၀၀၇-၂၀၀၈ခုနှစ်တွင် နွေစပါး ၃၇၇၆ဧက စိုက်ပျိုးရာ စပါးတင်းပေါင်း ၂၆၀၂၆၂ တင်း ထွက်ရှိသည်။

ယခုနှစ်တွင် ရခိုင်ပြည်နယ် မိုးစပါးအထွက်တိုးစေရန်အတွက် ဘိုင်အိုစူပရင်း ဇီဝမြေဩဇာမှ မြေဩဇာများနှင့် တွဲဖက်သုံးနိုင်ရန်အတွက် လယ်သမားကြီးများအား သီးနှံပေါ်ပေး ယာယီအကြွေးစနစ်ဖြင့် ရောင်းချမည်ဖြစ်ပြီး စစ်တွေ၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်များရှိ စံပြစမ်းသပ်ကွက်ဧက ၁၂၀နှင့် နွေစပါးစိုက် တောင်သူများကို ဘိုင်အိုစူပရင်း ဇီဝမြေဩဇာအိတ် ၄၀၀လှူဒါန်းမည်ဖြစ်သည့်အပြင် သုံးစွဲမှုမှန်ကန်ရေး သီးနှံအထွက်တိုးရေးအတွက် စိုက်ပျိုးရေးဝန်ထမ်းများနှင့် ပူးပေါင်းကာ စဉ်ဆက်မပြတ် သင်တန်းပို့ချ ကူညီသွားမည်ဖြစ်ကြောင်း သိရသည်။ (၁၁၃)

● ကျော်ဖုံးမှ

သပ်ရပ်လှပသော စာသင်ဆောင်များက လည်း အစီအရီရှိပြီး လှပဝေဆာစွာ ဖူးပွင့်နေသော ပန်းမန်များကလည်း စနစ်တကျ အကွက်ချစိုက်ပျိုးထားကြောင်း တွေ့ရသည်။

လမ်းညွှန်ချက်

မကြာမီအခမ်းအနားစတင်တော့မည်ဖြစ်၍ ပင်မနှစ်ထပ်ဆောင် အပေါ်ထပ်ခန်းမသို့ ရောက်ရှိခဲ့ရာ အစီအစဉ်အရ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဦးချာလီသန်းက "နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာနိုင်ငံပညာရေးကော်မတီသည် ရေကြောင်းပညာတက္ကသိုလ်တစ်ခု တည်ထောင်ဖွင့်လှစ်ရန် ၂၀၀၁ခုနှစ် စက်တင်ဘာ၁၄ရက်မှစ၍သင်ရိုးညွှန်းတမ်းများ ရေးဆွဲစုဆောင်းခြင်း၊ တက္ကသိုလ်ဥပဒေ စည်းမျဉ်းရေးဆွဲခြင်း၊ ဆရာ ဆရာမများ ခန့်ထားရေးစီစဉ်ပေးခြင်း၊ ယာယီအားဖြင့် ရေကြောင်းပညာသိပ္ပံတွင် ရေကြောင်းပညာတက္ကသိုလ် ကျောင်းသားများအား ၂၀၀၂ခုနှစ် ဩဂုတ်၁ရက်မှစ၍ သင်ကြား ပို့ချခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ဆက်လက်၍ သန်လျင်သီလဝါဒေသတွင် ရေကြောင်းပညာတက္ကသိုလ်ကြီးတစ်ခု တည်ဆောက်ဖွင့်လှစ်ရန် စီစဉ်ခဲ့ပြီး ယနေ့အထိ နိုင်ငံတော်မှ ရာနှုန်းပြည့် တည်ဆောက်ရေးနှင့် ခေတ်မီသင်ကြားရေး ပစ္စည်းများအပါအဝင် ကျပ်သန်းပေါင်း တစ်သောင်းကျော်ကျခံသုံးစွဲပေးခဲ့ကြောင်း၊ ယနေ့လှူဒါန်းသည့် မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း သီလဝါသည်လည်း ယင်းအချိန်ကပင် စတင်ပံ့ပိုးဖြည့်ဆည်း ကူညီလှူဒါန်းခဲ့ကြောင်း၊ ယင်းတက္ကသိုလ်ကြီးကို ၂၀၀၃ခုနှစ်မတ်၁၅ရက်က ပန္နက်တင်အခမ်းအနားကျင်းပပြီး တည်ဆောက်ရေးလုပ်ငန်းများစတင်ခဲ့ကြောင်း၊ဒါကြောင့် ယနေ့အချိန်တို ခြောက်နှစ်တာကာလအတွင်းခေတ်မီလှပခံ့ညားသောတက္ကသိုလ်ကြီးအဖြစ် ရောက်ရှိမြင်တွေ့နေရခြင်းဖြစ်ကြောင်း" ပြောကြားသွားသည်ကို မှတ်သားမိလိုက်သည်။

စေလွှတ်

မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (သီလဝါ)မှ လက်ထောက်အထွေထွေမန်နေဂျာ ဦးမင်းကြည်ကလည်း မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်သို့ သတ္တမအကြိမ်လှူဒါန်းမှုအဖြစ် ယခု၂၀၀၈ ခုနှစ်တွင် စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ၉၀၀၀တန်ဖိုးရှိ ဆိပ်ကမ်းအင်ဂျင်နီယာဌာနတွင်လိုအပ်မည့် ရည်ညွှန်းစာအုပ်များ၊ သင်ထောက်ကူပစ္စည်းများနှင့် ပညာသင်ဆုအနေဖြင့် ဆိပ်ကမ်းအင်ဂျင်နီယာ အထူးပြု ကျောင်းသား ၁၀ ဦးတို့အား ရွေးချယ်၍ တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၀၀ဖြင့် စုစုပေါင်း အမေရိကန်ဒေါ်လာ၁၀၀၀ကို ပညာသင်ဆုအဖြစ် ပေးအပ်ခဲ့ကြောင်း၊ဆိပ်ကမ်းအင်ဂျင်နီယာဘွဲ့ရ အထူးပြု ကျောင်းသားသုံးဦးတို့အား ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့တွင် Saigon International Terminal Vietnam(SITV) က တည်ဆောက်လျက်ရှိသော ဆိပ်ကမ်းလုပ်ငန်းတွင် ခြောက်လတာ အလုပ်သင်များအဖြစ် စေလွှတ်ခဲ့ကြောင်း သိရသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ လက်ထောက် အထွေထွေမန်နေဂျာ ဦးမင်းကြည်က သင်ထောက်ကူ ပစ္စည်းများကို ပါမောက္ခချုပ်ထံ ပေးအပ်ပြီး ဆိပ်ကမ်းအင်ဂျင်နီယာဘာသာရပ်တွင် ပထမဆုရကျောင်းသားနှစ်ဦးအား HPH ရွှေတံဆိပ်ဆုနှင့် အမေရိကန်ဒေါ်လာ၁၀၀၀ စီတို့ကို ပေးအပ်ချီးမြှင့်ခဲ့သည်။

အခမ်းအနားအပြီးတွင် ဆိပ်ကမ်းအင်ဂျင်နီယာဘာသာရပ် ပထမဆုရ မောင်အောင်သူအား တွေ့ဆုံမေးမြန်းခဲ့ရာ **"ကျွန်တော်က ရေကြောင်းပညာရပ်ကို ဝါသနာပါလွန်းလို့ ငယ်ငယ်ကတည်းက ကစာကို ကြိုးစားခဲ့ပါတယ်၊ ရေကြောင်း တက္ကသိုလ်တွင်လည်း နှစ်စဉ်ဂုဏ်ထူးများ ရရှိပြီး ဆိပ်ကမ်းအင်ဂျင်နီယာတစ်ဦးဖြစ်ခဲ့ကြောင်း၊ ကျွန်တော့်အနေဖြင့် နိုင်ငံ့တာဝန်ကို ထမ်းဆောင်နိုင်သော အထူးချွန်ဆုံး ဆိပ်ကမ်း အင်ဂျင်နီယာကောင်းတစ်ယောက် ဖြစ်အောင် ကြိုးစားသွားမည်"**ဟု ပီတိစကားများ ပြောကြားသွားခဲ့သည်။

လှူဒါန်းမှု

မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း(သီလဝါ)သည် Hong Kong အခြေစိုက် Hutchison Port Holdings-HPH ၏ မြန်မာနိုင်ငံတွင် ဆိပ်ကမ်းလုပ်ငန်းများကို လုပ်ကိုင်နေသည့် ကုမ္ပဏီတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံ၏ ရေကြောင်းပညာရပ်ဖွံ့ဖြိုးမှုနှင့် ဆိပ်ကမ်းဆိုင်ရာလုပ်ငန်းရပ်များကို အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်သို့ နှစ်စဉ်လှူဒါန်းမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ရည်မှန်းထား

ဆက်လက်၍ မော်ကွန်းထိန်း ဒေါ်မူမူဝင်းရှိန်(စာမေးပွဲနှင့်ဘွဲ့နှင်း)အား မေးမြန်းခဲ့ရာ **"နှစ်စဉ်ပုံမှန်သင်တန်းများအတွက် ကျောင်းသား ၄၅၀ လက်ခံသင်ကြားပေးခဲ့ကြောင်း၊ ယခု ၂၀၀၈/ ၂၀၀၉ ပညာသင်နှစ်မှစ၍ ကျောင်းသူ ၆၈ဦးအား စတင်လက်ခံသင်ကြားခွင့်ပြုခဲ့ရာ ပထမအကြိမ်တွင် ကျောင်းသား ၁၄၈ ဦးနှင့် ဒုတိယအကြိမ်တွင် ၁၈၂ ဦးကို ဘွဲ့များအပ်နှင်းနိုင်ခဲ့ကြောင်း၊ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် သင်တန်းများအဖြစ် ရေယာဉ်တည်ဆောက်မှု အင်ဂျင်နီယာ သင်တန်း၊ ရေကြောင်း အင်ဂျင်နီယာသင်တန်း၊ ဆိပ်ကမ်းအင်ဂျင်နီယာသင်တန်း၊ မြစ်ချောင်းနှင့် ကမ်းရိုးတန်း အင်ဂျင်နီယာသင်တန်း၊ ရေကြောင်းလျှပ်စစ်နှင့် အီလက်ထရွန်နစ်သင်တန်း၊ ရေကြောင်းသိပ္ပံ ဂုဏ်ထူးသင်တန်းများကို ဆရာ ဆရာမ ၁၃၀ က သင်ကြားပေးလျက်ရှိပြီး သင်တန်းများ ပိုမိုထိရောက်အောင်မြင်စေရန် ဆရာ ဆရာမ ၁၆ဦးကို ပြည်ပနိုင်ငံများသို့ ပညာတော်သင်စေလွှတ်လျက်ရှိကြောင်း၊ တက္ကသိုလ်တွင် ပညာရပ်ဌာန ၁၆ခုရှိပြီး အမိကဘွဲ့ပေးသောဌာနခြောက်ခုရှိကြောင်း တတိယအကြိမ် ဘွဲ့နှင်းသဘင်တွင် ကျောင်းသား ၂၇၀ အား ဘွဲ့အပ်နှင်းနိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း"** ဖြင့်လည်း ရှင်းပြသည်။

စီမံဖြည့်ဆည်းပေး

မျက်မှောက်ကာလတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို ကြိုးပမ်းတည်ဆောက်လျက်ရှိရာ အမျိုးသားပညာရည်မြင့်မားရေးစွမ်းအား၊ သိပ္ပံနှင့်နည်းပညာရပ်များ၏စွမ်းအား၊ အမျိုးသားခြေအင်အား တောင့်တင်းမှုစွမ်းအားတို့ဖြင့် ပြည့်ဝခိုင်မာမှု ရှိရမည်ဖြစ်သည်။ ယခုအခါ နိုင်ငံတော်အစိုးရက ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ခေတ်မီ ကွန်ရက်စနစ်များကို စီမံဖြည့်ဆည်းပေးလျက်ရှိရာ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ်သည် နိုင်ငံတော်မှ ချမှတ်ထားသော လူမှုရေး ဦးတည်ချက်(၄)ရပ်မှ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဟူသော ဦးတည်ချက်နှင့်အညီ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက်ထူးချွန်ထက်မြက်သော ရေကြောင်းအတတ်ပညာရှင်များ၊ အင်ဂျင်နီယာ ပညာရှင်များ ဖြစ်လာစေရန် ခေတ်မီသင်ထောက်ကူ ပစ္စည်းများဖြင့် ကျောင်းသား ကျောင်းသူများအား လေ့ကျင့်သင်ကြားပေးလျက်ရှိပါကြောင်း စေ့ငုလေ့လာရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

သန်လျင်မြို့နယ် သီလဝါဒေသရှိ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်တွင် မကြာမီတည်ဆောက်ပြီးစီးတော့မည့် ဘွဲ့နှင်းသဘင်ခန်းမအဆောက်အအုံ။ (မြန်မာ့အလင်း)

အထူးချွန်ဆုံး

"နိုင်ငံ့တာဝန်ကို ထမ်းဆောင်နိုင်တဲ့ အထူးချွန်ဆုံး ဆိပ်ကမ်း အင်ဂျင်နီယာတစ်ဦး ဖြစ်အောင် ကြိုးစားသွားပါမယ်"

မောင်အောင်သူ
ဆိပ်ကမ်းအင်ဂျင်နီယာဘာသာရပ်
ပထမဆုရ

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် စာသင်ခန်းမ၌ ကျောင်းသားများ ဤသို့ ပညာသင်ကြားကြရသည်။ (မြန်မာ့အလင်း)

သီလဝါဒေသရှိ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၏ အဝင်မုခ်ဦးအလှ။ (မြန်မာ့အလင်း)

စမ်းချောင်း အထက(၁) ကျောင်းသားဟောင်းများ (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၅

စမ်းချောင်းအထက(၁)တွင် ၁၉၆၅ခုနှစ်မှ ၁၉၈၀ပြည့်နှစ်အထိ ပညာသင်ကြားပေးခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၄ ရက်၊ တနင်္ဂနွေနေ့(လွတ်လပ်ရေးနေ့) နံနက် ၉ နာရီတွင် စမ်းချောင်း အထက (၁)ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

၁၉၆၅-၁၉၈၀ ပြည့်နှစ် ကျောင်းသားဟောင်းများအားလုံး တက်ရောက်ပူဇော်ကြပါရန်နှင့် ၁၉၆၅ ခုနှစ်မတိုင်မီနှင့် ၁၉၈၀ပြည့်နှစ်လွန် ကျောင်းသားဟောင်းများလည်း မိမိတို့မီခဲ့ကြသည့် ဆရာကြီး၊ ဆရာမကြီးများအား လာရောက်ပူဇော်နိုင်ကြသည်။ အလှူငွေနှင့် ကန်တော့လိုသည့် ပစ္စည်းလှူဒါန်းလိုသူများသည် ဆရာဦးသိန်းမြင့် ဖုန်း-၂၄၃၇၄၈၊ ဦးလှအောင်ရွှေ (ရွှေမိသားစု) ဖုန်း-၅၀၂၆၈၁၊ ၅၀၂၆၈၂၊ ဦးမောင်မောင်ဌေး ဖုန်း-၅၂၆၃၆၂၊ ဦးစိုးနိုင် (အေးမေတ္တာ ကားပစ္စည်းဆိုင်၊ တောင်ဥက္ကလာပ)ဖုန်း-၅၆၄၈၀၂၊ ၀၉-၈၀-၂၂၀၇၅၊ ဦးမင်းအောင် (မင်းသီဟ ဆောက်လုပ်ရေးနှင့် အိမ်အလှဆင်လုပ်ငန်း) ဖုန်း-၀၉-၅၁-၂၅၄၆၂၊ ဒေါ်ညွှန့်ညွှန့်အေး ဖုန်း-၆၈၀၈၉၈နှင့် ဒေါ်မြင့်မြင့်စိန် (စည်ပင်) ဖုန်း-၀၉-၅၁-၁၈၅၆၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။**(မြန်မာ့အလင်း)**

မြန်မာ့ရုပ်မြင်သံကြား

၁၆-၁၂-၂၀၀၈ ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် - ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ နားဝင်ပီယံသူ့လက်သံ
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၅ ၆။ အကပြိုင်ပွဲ
- ၈:၁၅ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ တေးဂီတအစီအစဉ်

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအကများ
- ၄:၂၀ ၃။ တေးဂီတအစီအစဉ်
- ၄:၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
- ၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၅၅ ၆။ ဆိုင်းအဖွဲ့ဖျော်ဖြေခန်း
- ၅:၁၅ ၇။ အဆိုပြိုင်ပွဲ
- ၅:၂၅ ၈။ **အရေးကြီးလို့ပါ** ခင်လှိုင်၊ခင်နွဲ့နွဲ့မူ (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
- ၅:၃၅ ၉။ နိုင်ငံ့စီးပွားအလေးထားကျေးလက်ထုတ်ကုန်များ
- ၅:၄၅ ၁၀။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၃။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆:၅၀ ၁၄။ ဆိုလိုက်ကြစို့
- ၇:၁၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **စူပါမင်းနှင့် မာနရှင်** (အပိုင်း-၁၆)
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **မြင့်မြတ်နှလုံးသားပိုင်ရှင်** (အပိုင်း-၁၀)

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လုံခြုံရေးစည်းဝေး

ရန်ကုန် ဒီဇင်ဘာ ၁၅

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်လုံခြုံရေးနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ယမန်နေ့ နံနက်ဂုနာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်ပထွက်ခွာဆောင် နားနေခန်း အမှတ်(၁)၌ကျင်းပရာ ရှေးဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး (အပေါ်ပုံ)**နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေတို့က အမှာစကားပြောကြားကြသည်။**

ဆွေးနွေးတင်ပြ

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အဖွဲ့အစည်းအသီးသီးတို့က လေဆိပ်လုံခြုံရေးနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များ၊ အကြံပြုတင်ပြချက်များကို ဆွေးနွေးတင်ပြကြသည်။

အဆိုပါအစည်းအဝေးသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ရေနံမြေရှိ သဘာဝဓာတ်ငွေ့ ဖိအားမြှင့်စက်ရုံ စွမ်းအင်ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းဌေး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၁၅

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် ဒီဇင်ဘာ၁၃ရက်က ပြည်မြို့ရှိ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၏ စက်သုံးဆီအရောင်းဆိုင် အမှတ်(၀၉၇၇)၌ စက်သုံးဆီ ဖြန့်ဖြူးရောင်းချမှုနှင့် သိုလှောင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဒုတိယဝန်ကြီးသည် ဒီဇင်ဘာ၁၄ရက် နံနက်ပိုင်းက မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ပြည်ရေနံမြေရှိ သဘာဝဓာတ်ငွေ့ဖိအားမြှင့်စက်ရုံ၌ သဘာဝဓာတ်ငွေ့ ဖြန့်ဖြူးနေမှုနှင့် စက်အရန်ပစ္စည်းများရရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တွင်းအမှတ် PSC (၂)သို့ သွားရောက်၍ သဘာဝဓာတ်ငွေ့ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရရှိနေမှုနှင့် ထပ်မံထုတ်ယူရရှိနိုင်သည့် သဲကြောအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ရေနံနှင့် သဘာဝဓာတ်ငွေ့တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ပေနက်တွင်းတူးစက်နှင့် တွင်းပြင်စက်များကို နိုင်ငံတော်က ဝယ်ယူဖြည့်ဆည်းပေးထားပြီးဖြစ်သောကြောင့် ရေနံမြေများအလိုက် ထပ်မံတူးဖော်ထုတ်ယူနိုင်မည့် ဘူမိအနေအထားများနှင့် တိုးတက်လာသည့် နည်းပညာများ၊ ခေတ်မီစက်ကိရိယာများကို ကျွမ်းကျင်စွာ အသုံးပြုနိုင်ရန်အတွက် ပညာရှင်များက မပြတ်လေ့လာ ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဝန်ကြီးသည် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၏ အမှတ်(၃) ဓာတ်မြေသြဇာစက်ရုံ (ကျောက်စွာ)သို့ သွားရောက်၍ ဓာတ်မြေသြဇာထုတ်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ **(အောက်ပုံ)**စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှူးများနှင့် တာဝန်ရှိသူများက ဓာတ်မြေသြဇာ ထုတ်လုပ်နေမှု၊ စက်အရန်ပစ္စည်းများ ရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးမှာကြားကာ စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စပါးသီးနှံ အလေအလွင့် မရှိစေရေး နှိုးဆော်ချက်

၁။ စပါးအလေအလွင့်မရှိစေရန် မောင်းညိုချိန်တွင် ရိတ်သိမ်းပါ။

၂။ ရိတ်သိမ်းပြီးကောက်လှိုင်းများကို တလင်းပျောက်စနစ်ကျင့်သုံး၍ ချက်ချင်းခြွေလှေ့ပါ။ ဖြစ်နိုင်ပါက စက်ဖြင့် ရိတ်သိမ်းခြွေလှေ့ပါ။

၃။ ခြွေလှေ့ပြီး စပါးများကို နေလှန်း၍ အမိုးအကာအောက် အမြန်ရောက်ရှိအောင် ဆောင်ရွက်ပါ။

၄။ ရိတ်-ခြွေ-သိမ်း လုပ်ငန်းများကို ဆက်တိုက် မဆောင်ရွက်ပါက တစ်ဧကလျှင် အနည်းဆုံးစပါးသုံးတင်း လေလွင့်ဆုံးရှုံးနိုင်သည်။ တစ်နိုင်ငံလုံးရှိ မိုးစပါးစိုက်ဧက ၁၇သန်းမှ စပါးတင်း သန်းပေါင်း ၅၁သန်း လေလွင့်ဆုံးရှုံးနိုင်သည်။ ၄င်းလေလွင့် စပါးပမာဏသည် လူဦးရေ ၃ ဒသမ ၄သန်း တစ်နှစ်စာ စားသုံးနိုင်သည်။ ၄င်းအပြင် ထွက်ရှိလာသောဆန်များ ဆန်အရည်အသွေးညံ့ဖျင်းခြင်း၊ ဆန်အကျိုးအကြေများခြင်းများလည်း ဖြစ်ပေါ်စေပါသည်။

၅။ သို့ပါ၍ ရိတ်-ခြွေ-သိမ်းလုပ်ငန်းစဉ်များအတိုင်း လိုက်နာကြပါရန် ထပ်လောင်းအသိပေး နှိုးဆော်အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

နယ်စပ်/စည်ပင် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ သန်လျင်မြို့နယ်အတွင်း လုပ်ငန်းများစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၁၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် ဒီဇင်ဘာ၁၃ရက် မွန်းလွဲပိုင်းတွင် သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး ခန်းမဆောင်၌ ဝန်ထမ်းများအား တွေ့ဆုံ၍ အဖွဲ့ပိုင်ပျိုးဥယျာဉ်ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မြို့ရေပေးရေးဆောင်ရွက်လျက်ရှိသည့် မြို့မရေစက်ရုံနှင့် ကွန်ကရစ်ရေစင်ကို ကြည့်ရှုစစ်ဆေးပြီး သန်လျင်မြို့ ရုံးတော်ရပ်ကွက် ဓမ္မစေတီလမ်းအား မြေသားလမ်းမှ ကတ္တရာလမ်းအဆင့် လမ်းသစ်ခင်းနေသည့် လုပ်ငန်းခွင်ကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ဝဲပုံ)** **(သတင်းစဉ်)**

ပြည်မြန်မာ သတင်းဂျာနယ်ဖြန့်ချီ

ရန်ကုန် ဒီဇင်ဘာ ၁၅

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၄၆)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Groupမှ တစ်ပြည်လုံးသို့ ဖြန့်ချီလိုက်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ အရှေ့အလယ်ပိုင်းဒေသများသို့ မြန်မာ့ထွက်ကုန်များ ဈေးကွက်ချဲ့ထွင်ရန်ကြိုးပမ်း၊ GSM တစ်ခါသုံး Sim Card များ ရန်ကုန်မြို့တွင် စတင်ရောင်းချရာ အလုအယက်တိုးဝှေ့ဝယ်ယူ၊ ကုန်တင်သင်္ဘောပေါ်မှ ဒဏ်ရာအပြင်းအထန်ရနေသော မြန်မာသင်္ဘောသားတစ်ဦးကို နိုင်ငံတကာကယ်ဆယ်ရေးအဖွဲ့က ကယ်တင်ခဲ့၊ အီလက်ထရွန်နစ်စနစ်သုံး အလိုအလျောက်ဖွင့်ပိတ်နိုင်သော ရေဘုံပိုင်ပြည်တွင်း၌ ပြုလုပ်နိုင်၊ မကြာမီက ဂြိုဟ်သုံးလုံးပူးချိန်တွင် မွေးဖွားသူများ အတိတ်နိမိတ်ကောင်းများ ရရှိမည်ဟုဆို၊ No အဖွဲ့က ရတနာ၏ မင်္ဂလာဧည့်ခံပွဲနှင့် ညစာစားပွဲ မြင်ကွင်းအပြည့်အစုံ၊ ယုဇနပလာဇာမီးလောင်မှုဖြစ်ပွား၊ အိန္ဒိယရဲတပ်ဖွဲ့က မွမ်ဘိုင်းအကြမ်းဖက်မှုတွင် အသေဖမ်းဆီးရမိသူများ၏ ဓာတ်ပုံနှင့် အချက်အလက်များထုတ်ပြန်၊ ဂြိုဟ်နီကြီးက ဂြိုဟ်ပြာကြီးဖြစ်နေသော ဓာတ်ပုံများထွက်ပေါ်လာ၊ လက်နှစ်ဖက်မပါသူက ကမ္ဘာ့ပထမဆုံး ခြေထောက်ဖြင့် လေယာဉ်မောင်းနှင်၊ လာမည့်ငါးနှစ်အတွင်း အေအိုင်ဒီအက်စ်ရောဂါကာကွယ်ဆေး ပေါ်ထွန်းမည်၊ မယ်ကမ္ဘာသရဖူကို ရုရှားမယ်ရရှိ၊ လပေါ်မှ မြေဧက ၁၀၀ကို ချစ်သူအတွက် ချဲလ်ဆီးသူဌေးဝယ်ယူ၊ အနမ်းကြမ်းလျှင် နားကန်းနိုင်၊ ဆယ့်တစ်နှစ်သား မြားပစ်သမားလေး မျက်လုံးမှနေ၍ ဦးခေါင်းထဲလေးလက်မခန့် မြားစိုက်ဝင်သွားသော်လည်း အသက်မသေ၊ မလေးရှားမှ သူခိုးကို သရဲကဖမ်းထားသတဲ့၊ တာ့ချ်မဟာအတုကို တည်ဆောက်နေသဖြင့် အိန္ဒိယက ဘင်္ဂလားဒေ့ရှ်အပေါ် ဒေါသထွက်နေ၊ ၁၅နှစ်အတွင်း အကြီးဆုံးနှင့် အတောက်ပဆုံး လပြည့်ဝန်းကြီးထွက်ပေါ်ခဲ့သဖြင့် .....၊ ထိုင်းဝန်ကြီးချုပ်အသစ်ခန့်အပ်၊ အီရတ်သတင်းထောက်က သတင်းစာရှင်းလင်းပွဲတွင် ဂျော့ဘုရှ်အား ရှူးဖိနပ်ဖြင့် ပစ်ပေါက်ခဲ့၊ အမေရိကန်ထောက်လှမ်းရေးအရာရှိက ဆက်ဒမ်ဟူစိန်ကို ဖမ်းမိခဲ့ပုံအကြောင်း ပထမဆုံးအကြိမ် ထုတ်ဖော်ပြောကြား..... စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံကို မေတ္တာလက်ဆောင် အချပ်ပိုစာမျက်နှာများနှင့်အတူ ထည့်သွင်းဖော်ပြထားကြောင်းနှင့် အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကောင်းသုခ ထရေးဒင်းကုမ္ပဏီလီမိတက်ဖွင့်

ရန်ကုန် ဒီဇင်ဘာ ၁၅

ကောင်းသုခ ထရေးဒင်းကုမ္ပဏီလီမိတက် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါ ကုမ္ပဏီတည်ရှိရာ ကမာရွတ်မြို့နယ်၊ ဘုရင့်နောင်လမ်းမကြီးရှိ ရွှေပုန်းညက်ရိပ်မွန် အမှတ်၂၄/B၌ ကျင်းပရာ ကုမ္ပဏီဥက္ကဋ္ဌ ဦးစံငြိမ်းနှင့် စင်ကာပူနိုင်ငံ NTN Bearing မှ မန်နေဂျာ Mr. Teo TiongHengတို့ကဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(ယာအောက်ပုံ)**

နှုတ်ခွန်းဆက်

ဖွင့်ပွဲအခမ်းအနားတွင် မန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်မြတ်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ပေးအပ်

ထို့နောက် ကောင်းသုခထရေးဒင်းကုမ္ပဏီဥက္ကဋ္ဌ ဦးစံငြိမ်းနှင့် မန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်မြတ်တို့က ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ပေးအပ်ရာ Mr.Teo Tiong Hengက လက်ခံပြီး ဂုဏ်ပြုပန်းစည်း ပြန်လည်ပေးအပ်သည်။

ဆက်သွယ်ဝယ်ယူနိုင်

ကောင်းသုခ ထရေးဒင်းကုမ္ပဏီသည် ဂျပန်နိုင်ငံမှ NTN Bearing အမျိုးမျိုးကို ဖြန့်ဖြူးရောင်းချရန် မြန်မာနိုင်ငံအတွက် တရားဝင်တစ်ဦးတည်း ကိုယ်စားလှယ် ရရှိထားသော ကုမ္ပဏီဖြစ်ပြီး ဂျပန်နည်းပညာဖြင့်ထုတ်လုပ်သော အလယ်အလတ်တန်းစား အရည်အသွေးသုံးစွဲသူများ စိတ်တိုင်းကျနိုင်စေရန် HCHနှင့်TR အမှတ်တံဆိပ်ပါ Bearing အမျိုးအစားများကိုလည်း တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် ဖြန့်ဖြူးပေးလျက်ရှိသည်။

ထို့အပြင် Bearing များနှင့်ပတ်သက်၍နည်းပညာများကိုလည်း ကုမ္ပဏီအင်ဂျင်နီယာအဖွဲ့က ဆွေးနွေးညှိနှိုင်းဝန်ဆောင်မှုပေးသွားမည်ဖြစ်ပြီး NTN Bearing Carton Box များတွင် KTK စတေကာများ ပိတ်ထားပေးသဖြင့် အရည်အသွေးစစ်မှန်သော ပစ္စည်းများ ရရှိကြမည်ဖြစ်ကြောင်း၊ ဝယ်ယူသုံးစွဲလိုသူများသည် ဖော်ပြပါ ကုမ္ပဏီသို့ ဆက်သွယ်စုံစမ်း ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

■ *ကျောဖုံးမှ*

တစ်ဖန်မျက်စိမှ အရာဝတ္ထုများကို မြင်တွေ့ရန် ပုံဖော်သည့် အမြင်အာရုံခံ ပုံဖော်လွှာ၏ ဦးနှောက်သို့ပို့သော စနစ်ကိုလည်း ထည့်သွင်းအသုံးပြုထားကြောင်း သိရသည်။

ပုံရိပ်

ယခုအခါ စိတ်နှင့် ဦးနှောက်တွင် ဖြစ်ပေါ်သော ပုံရိပ်ပေါင်း ၄၀၀ခန့်ကို ကွန်ပျူတာ ဖန်သားပြင်၌ ပုံဖော်နိုင်ပြီဖြစ်ကြောင်း ဂျပန်သုတေသနပညာရှင်များက ပြောကြားသည်။

ကိုးကား-အင်တာနက်

16-12 (12).pmd 1 12/16/2008, 1:22 AM

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် လိုအပ်သောရွှေပြားနှင့် ကျောက်ပြားများအား လှူဒါန်းနိုင်ရန် တိုက်တွန်းနှိုးဆော်ခြင်း

ရဟန်းရှင်ပြည်သူများ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုရသကဲ့သို့ နေပြည်တော်တွင်လည်း ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ရွှေတိဂုံပုံစံတူ ဉာဏ်တော် ၃၂၅ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"**အား တည်ထားပူဇော်လျက်ရှိပါသည်။

မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ် တပေါင်းပွဲတော်တွင်ကျင်းပမည့် ရဟန်းသံဃာ၊ လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော် ဆက်ကပ်မည့်အခမ်းအနားကို ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပြီးစီးမည့်အချိန်နှင့် ကိုက်ညှိပြီး နေပြည်တော်၌ ကျင်းပမည်ဖြစ်ပါသည်။

လှူဒါန်းနိုင်

စေတီတော်ကြီးအတွက် လိုအပ်သောရွှေပြားနှင့် ကျောက်ပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်။

(၁) ရွှေပြား (၁ပေ×၁ပေ) ၂၉၆၄ချပ် ၁ချပ် ကျပ် ၁၆၂၀၀၀၀ နှုန်း

(၂) ကျောက်ပြား (မာဘယ်) (၂ပေ×၂ပေ) ၂၂၈၁၉ချပ် ၁ချပ် ကျပ် ၂၂၀၀၀ နှုန်း

(၃) စကျင်ကျောက် (၂ပေ×၂ပေ) ၁၀၀၈၈၉ချပ် ၁ချပ် ကျပ် ၁၃၀၀၀ နှုန်း

(၄) မြစ်သားကျောက် (၂ပေ×၂ပေ) ၂၄၇၈၆ချပ် ၁ချပ် ကျပ် ၁၃၀၀၀ နှုန်း

ဆက်သွယ်နိုင်

လှူဒါန်းလိုသူများသည် **"ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ"** အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက် ၁၆၊ အခန်း ၉ နေ
ဦးညွန့်စိန် (ဒုတိယအင်ဂျင်နီယာ၊ Uniteam Marine Co., Ltd.)-ဒေါ်မေစန္ဒာတို့၏သား

မောင်သူရ (Final Part II MC. I)

နှင့်

နေပြည်တော်နေ ဗိုလ်မှူးကြီးလှသိန်းဆွေ (ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)-ဒေါ်သီတာဝင်းတို့၏သမီး

မစိမ့်နန္ဒာဝင်းဆွေ (2 nd Year English)

တို့သည် တရားရုံးချုပ် ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးနှင့် နှစ်ဖက်သောမိဘများ၊ ဂုဏ်သရေရှိ လူကြီးများ၏ ရှေ့မှောက်၌ ၁၄-၁၂-၂၀၀၈ ရက်တွင် လက်ထပ်ပြီးစီးပါကြောင်း၊ မင်္ဂလာလက်ထပ်ပွဲတွင် မော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော တရားရုံးချုပ် ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးအားလည်းကောင်း၊ အသိသက်သေများအဖြစ်ဆောင်ရွက်ပေးပါသော ဒေါက်တာ ဦးအေးမောင်ဟန် (ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ်-၁)နှင့်ဇနီး ဒေါက်တာ ဒေါ်သီရိထွန်းမြင့်၊ ဒေါက်တာ ဦးခင်စိုးနှင့်ဇနီးတို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပါသော ဒေါက်တာ ဦးဇော်ထွန်းနှင့်ဇနီး၊ ဒေါက်တာ ဒေါ်ဌေးဌေးကြည် (ယူနီဗာဆယ်ဆောက်လုပ်ရေး) အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးညီအစ်ကိုမောင်နှမများအားလည်းကောင်း၊ အခမ်းအနားမှူး ဦးကျော်စိုးဦး၊ မိတ်ကပ် အောင်အောင် (တောင်ကြီး)နှင့်အဖွဲ့၊ ဓာတ်ပုံ မိုးပိုင်စိုး (ယွန်းဗီဒီယို)၊ ပန်းအလှ ဆွေဆွေ (ယုဇန)တို့အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးအထူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်သူရ-မစိမ့်နန္ဒာဝင်းဆွေ။

လက်ထပ်မင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဗိုလ်မှူးကြီး ဆန်းအောင်(အနောက်မြောက်တိုင်းစစ်ဌာနချုပ်)-ဒေါ်ဌေးဌေးလွင်တို့၏သား၊
မထိုက်ထိုက်အောင်၊ မယုမွန်အောင်တို့၏အစ်ကို၊ မောင်

ဗိုလ်ကြီးမျိုးအောင် B.C.Sc(D.S.A)

M.C.Sc (Thesis) UCSY နှင့်

ရန်ကုန်မြို့နေ
ဗိုလ်မှူးကြီးမြင့်ဆွေ(အနောက်တောင်တိုင်းစစ်ဌာနချုပ်)-ဒေါ်ခင်မာချစ်
[ခိုင်ယဉ်မွန် (ဝိဇ္ဇာ-သိပ္ပံ)]တို့၏ တစ်ဦးတည်းသောသမီး၊
ဦးမောင်မောင်မြင့် (တော်ဝင်မော်တော်ယာဉ်ထုတ်လုပ်ရေး)-သီဟသုဓမ္မသီဂီ
ဒေါ်ခင်ထွေးကြည်(ခင်လေးမွန်) တို့၏တူမ

မခိုင်ဆုမြင့်မွန် B.C.Sc(Hons;) UCSY

Dip in English (SEAMEO CHAT)

တို့၏ ၂၄-၁၁-၂၀၀၈ ရက်တွင် Sedona Hotel(မင်းတုန်းခန်းမ)၌ကျင်းပသော စေ့စပ်မင်္ဂလာ အခမ်းအနားတွင် စေ့စပ်မင်္ဂလာလက်စွပ်ဆင်မြန်းပေးခြင်းနှင့် မင်္ဂလာဩဝါဒစကား ပြောကြားပေးခဲ့သည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့်ဇနီး ဒေါ်ခင်နှင်းဝေတို့နှင့်အတူ တက်ရောက်ချီးမြှင့်ပေးပါသော ဧည့်သည်တော်များအားလည်းကောင်း၊ ၁၂-၁၂-၂၀၀၈ ရက်တွင် သီရိဂုဏ်အိမ်ရာ မြတ်မွန်ရတနာစံအိမ်၌ လက်ထပ်မင်္ဂလာ စီမံဆောင်ရွက်ပေးခဲ့သည့် တရားရုံးချုပ် တရားသူကြီး ဦးဟန်ရှိန်၊ နှစ်ဖက်သော အသိသက်သေများနှင့် တက်ရောက်ချီးမြှင့်ပေးသည့် ဧည့်သည်တော်များအားလည်းကောင်း၊ ၁၃-၁၂-၂၀၀၈ ရက်တွင် Traders Hotel (Myanmar Ballroom) ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းပေးသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့်ဇနီး ဒေါ်ခင်နှင်းဝေ၊ လက်ထပ်မင်္ဂလာလက်စွပ်ဆင်မြန်းပေးသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်ဇနီး ဒေါ်ခင်စန်းရီတို့အားလည်းကောင်း၊ ချစ်ပန်းပွင့်ဝေလျှမ်းတင့်ဝေ မင်္ဂလာဆုတောင်းကဗျာဖြင့် ကိုယ်တိုင်ရေးဖွဲ့သီဆိုချီးမြှင့်ပေးသော အမျိုးသားစာပေဆုချောက်ဆုရ စာပေဆုများရှင် ဒုတိယဗိုလ်မှူးကြီး အုန်းမောင်(ငြိမ်း) (မြင်းမူမောင်နိုင်မိုး)အားလည်းကောင်း၊ လက်ဝတ်ရတနာ များ ဆင်မြန်းပေးခဲ့သော စိန်ဧကရာဇ်စိန်တိုက်နှင့် "26[th] Diamond Gallery" မှ ဦးထွန်းထွန်းဦးနှင့် ဒေါ်ရင်ရင်မြတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးခဲ့ကြသည့် စစ်ဘက်၊ နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်သော မိဘဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ မေတ္တာဖြင့် ကူညီပေးကြသော သတို့သား၊ သတို့သမီးအရံများနှင့် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးကြသူ အားလုံးတို့အားလည်းကောင်း၊ ၁၃-၁၂-၂၀၀၈ ရက်တွင် Summit Parkview Hotel Ballroom ၌ ကျင်းပခဲ့သည့် မင်္ဂလာညစာစားပွဲတွင် အခမ်းအနားမှူးအဖြစ် မေတ္တာဖြင့် ကူညီဆောင်ရွက်ပေးသော ရုပ်ရှင်သရုပ်ဆောင် ဦးထူးသာနှင့် တက်ရောက်ချီးမြှင့်ပေးခဲ့သည့် နှစ်ဖက်သောမိတ်သင်္ဂဟများအားလည်းကောင်း၊ ၂၆-၁၁-၂၀၀၈ ရက် မင်းကွန်းတောရနှင့် ၁၂-၁၂-၂၀၀၈ ရက် သီရိဂုဏ်အိမ်ရာ မြတ်မွန်ရတနာစံအိမ်တို့၌ ကျင်းပသည့် မင်္ဂလာဆွမ်းဆက်ကပ်လှူဒါန်းသည့် အခမ်းအနားများသို့ တက်ရောက်ချီးမြှင့်ပါသော ဧည့်သည်တော်များနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးမျိုးအောင်-မခိုင်ဆုမြင့်မွန်။

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြင့်မိုရ်လမ်း၊ အမှတ် ၄၄ နေ
ဦးမြင့်သိန်း-ဒေါ်ခင်လှကြည်တို့၏ သားကြီး

ဒေါက်တာထင်အောင်ကျော် M.B.,B.S(Ygn)

နှင့်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အေးရိပ်မွန်အိမ်ရာ၊ ယုဇနလမ်း၊ အမှတ်၈(စီ)နေ
ဦးမြင့်ဦး-ဒေါ်စိန်စိန်သွင်တို့၏သမီးထွေး

မငုဝါမြင့်ဦး LL.B, IDCS, IADCS(NCC,UK)

တို့သည် ၁၇-၉-၂၀၀၈ ရက်တွင် ရန်ကုန်တိုင်းတရားရုံး၌ နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်အရ လက်မှတ်ရေးထိုး လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာထင်အောင်ကျော်-မငုဝါမြင့်ဦး။

အမည်ပြောင်း

အဖ ဦးအောင်စောထွန်း၏သား ဗဟန်း အမလက(၃) Grade-V(B) မှ မောင်ထွန်းဥက္ကာဟန်အား မောင်စွမ်းထွန်းဥက္ကာအောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်စွမ်းထွန်းဥက္ကာအောင်။**

ကျေးဇူးဆပ်ပါမည်

အဖ ဦးကြင်သိန်း၏ သမီး မအေးအေးမြင့် P/P. No- 238881 မှာ ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဖုန်း-၂၉၇၉၆၇ သို့ ဆက်သွယ်ပါ။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်ကိုလှမျိုးအောင် ၉/ညဥန (နိုင်) ၁၁၉၃၁၇၏ PP အမှတ်-၈၄၆၄၀၈သည် ခရီးသွားလာရင်း ပျောက်ဆုံးသွားသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀-၆၇၀၂၂။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ကမ/၁၀၅၃၆ Kenbo-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသောန ၁၃/ကမန(နိုင်)၀၂၆၃၉၅က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ကျောက်မဲမြို့)။

အိမ်စီးကားသန့်ရောင်းမည်

Mazda 626 90 Model အဖြူရောင်၊ ဓာတ်ဆီ၊ ၇ခ/၉ထောင်ကျော်၊ လက်တင်စီး။ **ဖုန်း-၀၉-၅၀-၇၇၅၈၇၊ ၀၉-၅၀-၁၄၁၄၉။**
(ပွဲစားမလို။ ဆိုဈေး-ကျပ်သိန်း၃၀၀)

ကျိုင်းတုံမြို့နယ်အတွင်း၌ နိုင်ငံသား စိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၁၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း)လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ပြည်နယ် ဦးစီးမှူး ဦးစိုးပိုင်မြင့်သည် ဒီဇင်ဘာ ၁၃ ရက်က ကျိုင်းတုံခရိုင် ကျိုင်းတုံမြို့နယ် အတွင်း၌ ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးမှုကို သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(အောက်ပုံ)**

စိစစ်ဆောင်ရွက်

ယင်းသို့ ကွင်းဆင်းဆောင်ရွက်ပေးရာတွင် ကျိုင်းတုံခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးအောင်မျိုးနှင့် ကျိုင်းတုံမြို့နယ် ဦးစီးဌာနမှူး ဦးစိုင်းရှဲန်တွီတို့ ဦးဆောင်သော ဝန်ထမ်းများက ကျိုင်းတုံမြို့နယ် မိုင်းပတ်အထက် ကျေးရွာအုပ်စု အတွင်းရှိ ကျေးရွာ ၁၄ ရွာတို့တွင် နိုင်ငံသားစိစစ်ရေးကတ်များကို စိစစ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဟိုပင်မြို့၌ ကျောက်စုဆောင်း

ဟိုပင် ဒီဇင်ဘာ ၁၅

ဟိုပင်မြို့ စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ဟိုပင်မြို့ အောင်သီရိလမ်း ကျောက်ချောခင်းရန်အတွက်ကျောက်စုဆောင်းထားရှိမှုကို ဟိုပင်မြို့တာဝန်ခံ ဦးသိန်းထူး နိုဝင်ဘာ၇ရက်က ကွင်းဆင်းကြီးကြပ် ဆောင်ရွက်လျက်ရှိရာ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ထွဋ်က ရှင်းလင်းတင်ပြခဲ့ကြောင်းသိရသည်။

(မြို့နယ်စည်ပင်)

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်၌ လိုင်းကားနှင့် အငှားယာဉ် တိုက်မှုဖြစ်ပွား

ရန်ကုန် ဒီဇင်ဘာ ၁၅

ဒီဇင်ဘာ ၁၄ ရက် နံနက် ၅ နာရီခွဲခန့်က ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းဆုံမီးပွိုင့်တွင် ယာဉ်တိုက်မှုတစ်ခု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းအတိုင်း အရှေ့မှ အနောက်သို့ မောင်းနှင်လာသော ရွှေပြည်သာနှင့် ရွှေပေါက်ကံပြေးဆွဲသည့် သန်မြန်သူ လိုင်းအမှတ်(၈၁) ဒိုင်နာအပြာရောင် ၆က/၁၃၁၆ မော်တော်ယာဉ်သည် အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းနေ အဖ ဦးတင်ကြိုင်၏ သား အောင်မြင့်သန်း အသက်(၂၅)နှစ် မောင်းနှင်လာသော ချောကလက်ရောင် တိုယိုတာဆလွန်း ဏ/၅၆၄၈ အငှားယာဉ်၏ ဦးခေါင်းပိုင်းအား အရှိန်ပြင်းစွာ ဝင်တိုက်လိုက်၍ အငှားယာဉ်ဦးခေါင်းမှာ ကြေမွပျက်စီးသွားပြီး ဒိုင်နာခရီးသည်တင်ယာဉ်လည်း လွင့်စဉ်မြောက်တက်၍ တိမ်းမှောက်တုံးလုံးလဲသွားသည်။

ဒဏ်ရာရ

သန်မြန်သူယာဉ်ပေါ်ပါ ကျိုက်ဝိုင်းဘုရားဈေး ပဲပြုတ်သည် ဒေါ်ဝင်းမြင့်ပါ အမျိုးသားနှစ်ဦး၊ အမျိုးသမီးနှစ်ဦး အနည်းငယ် ဒဏ်ရာရရှိပြီး မြောက်ဥက္ကလာပဆေးရုံသို့ တင်ပို့ခဲ့ရသည်။

အရေးယူ

အခင်းဖြစ်နေရာသို့ နယ်မြေ(၁) ယာဉ်မှူစစ် ဒုရဲအုပ် သောင်းနိုင်ထွန်း ရောက်ရှိလာပြီး ယာဉ်မောင်းသူများအား မဆင်မခြင်မောင်းနှင်မှုဖြင့် အရေးယူထားကြောင်း သိရသည်။ (၁၁၁)

လှိုင်သာယာ၌ ယာဉ်တိုက်မှု အမျိုးသမီးတစ်ဦးသေဆုံး

ရန်ကုန် ဒီဇင်ဘာ ၁၅

ဒီဇင်ဘာ ၆ရက် နံနက် ၁၀နာရီ ၄၅မိနစ်က လှိုင်သာယာမြို့နယ် ရွှေသက္ကံရပ်ကွက်အပိုင် စက်မှုဇုန် (၄) မင်းကြီး မဟာမင်းခေါင်လမ်းနှင့် ကျန်စစ်သားလမ်းထောင့်တွင် အရှေ့မှ အနောက်သို့ ယာဉ်မောင်းဦးမြင့်ကြည် အသက်(၅၇)နှစ် (ဘ) ဦးအုံးရွှေ ပြည်တော်သာ(၂)လမ်း၊ ပြည်တော်သာရပ်ကွက် ရွှေပြည်သာမြို့နယ်နေသူ မောင်းနှင်လာသော ယာဉ်အမှတ် ဧ/၈၇၃၅ TE အမျိုးအစား နက်ပြာရောင်ပဲများ တင်ဆောင်လာသည့် ကုန်တင်ယာဉ်သည် မစိုးစိုးနွယ် အသက်(၂၄)နှစ်ခန့်(ဘ) စံုစမ်းဆဲ ညောင်ပင်လေးဈေး ပလာဇာ သုံးလွှာ (A) အဆောင်၊ လမ်းမတော်မြို့နယ်နေသူအား ဝင်ရောက်တိုက်မိရာ ဦးခေါင်း၌ ဒဏ်ရာရ၍ နေရာတွင် ပွဲချင်းပြီး သေဆုံးသွားခဲ့ကြောင်း သိရသည်။ တရားခံအား ဥပဒေပုဒ်မ ၃၀၄(က)အရ သက်ဆိုင်ရာမှ အမှုဖွင့် ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။ (၀၉၇)

မီး အစဉ်သတိပြု

သန်လျင်မြို့ သိမ်ကျောင်းလမ်းရှိ သန်လျင်နာရေးကူညီမှုအသင်း ကျန်းမာရေးစောင့်ရှောက်မှုကော်မတီ အခမဲ့ဆေးခန်းသို့ **Mr. Desmond- Susan Carroil** မိသားစုနှင့် မိတ်ဆွေများက ဆေးပဒေသာပင်နှင့် ခုနစ်ရက်တာ ဆေးအလှူအတွက် အလှူငွေကျပ်လေးသိန်းကို ဒီဇင်ဘာ ၅ရက်က အလှူရှင်များကိုယ်စား ညီဖြစ်သူ ဦးတင်ထွန်း(ဆေးခန်းတာဝန်ခံ)ထံ ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးအောင်ညွန့်က လက်ခံယူစဉ်။ (ခရိုင် ပြန်/ဆက်)

မိနှင့်ဖ မေတ္တာဂုဏ်ရည် ပူဇော်ဟောပြော

တောင်ကြီး ဒီဇင်ဘာ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ဦးစီးကျင်းပသော ကျေးဇူးကြီးလှ မိနှင့်ဖ မေတ္တာဂုဏ်ရည် ပူဇော်ဟောပြောပွဲကို နိုဝင်ဘာ ၂၆ရက် နံနက်၉နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ သက်ကြီးအဘိုးအဘွားများအား တိုင်းမှူး၏ဇနီး ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန္တာဝင်းစိန်နှင့်အဖွဲ့ဝင်များက ကန်တော့၍ အဘိုးအဘွားများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက် အလှူငွေ ပေးအပ်လှူဒါန်းရာ အောင်စည်းဇိမ်ကျောက်မျက်ကုမ္ပဏီက ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့သို့ အလှူငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူသည်။ ဆက်လက်၍ ကျေးဇူးကြီးလှ မိနှင့်ဖ မေတ္တာဂုဏ်ရည် ပူဇော်ဟောပြောပွဲကျင်းပရာ စာရေးဆရာ ဆရာကြီး မင်းယုဝေ၊ စာရေးဆရာ ရေနံ့သာမောင်ကျော်ညွန့်၊ စာရေးဆရာ လယ်တွင်းသားစောချစ်တို့က ဟောပြောကြသည်။

(ပြည်နယ် ပြန်/ဆက်)

စာပေဟောပြောပွဲ ကန်ကြီးထောင့်မြို့၌ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၅

ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ ကန်ကြီးထောင့်မြို့ လောကမှန်ကူဘုရား ပရိဝုဏ်အတွင်း၌ ပန်းပျိုးလက်စာကြည့်တိုက်ကော်မတီ၏ စီစဉ်မှုဖြင့် ဒီဇင်ဘာ ၉ရက် ည ၇နာရီက စာကြည့်တိုက်လေးနှစ်ပြည့် အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲကျင်းပရာ ရန်ကုန်မြို့မှ အမျိုးသားစာပေဆုရ စာရေးဆရာကြီး မင်းယုဝေ၊ အမျိုးသားစာပေဆုရ စာရေးဆရာကောင်းသန့်၊ စာရေးဆရာ ဒေါက်တာခင်မောင်ညို၊ လူငယ်ဆရာဝန် စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ)ယဉ်မင်းဦး(ဆေးတက္ကသိုလ်) **(အပေါ်ပုံ)**တို့က စာပေရေးရာများ ဟောပြောကြသည်။

အဆိုပါ ဟောပြောပွဲမစတင်မီ ပန်းပျိုးလက်စာကြည့်တိုက်အတွက် မီးအိမ်ရှင် စာအုပ်တိုက်မှ ထုတ်ဝေဖြန့်ချိခဲ့သော စာအုပ်များကို စာရေးဆရာမ ဒေါက်တာ နိုက်တင်ဂေးလ်(ခ)ယဉ်မင်းဦး(ဆေးတက္ကသိုလ်)က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(စာပေနှင့်စာနယ်ဇင်း)**

ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၅

ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန ၁၉၈၂မှ၁၉၈၈(၉၁)ပညာသင်နှစ် ဥပဒေဘွဲ့ရ ကျောင်းသား ကျောင်းသူများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၇ရက် နံနက် ၉နာရီတွင် တက္ကသိုလ်များ ဓမ္မာရုံ ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ရာ အလှူငွေများကို ဥက္ကဋ္ဌ ဦးဘတင့်ဆွေ ဖုန်း-၇၂၂၄၇၄၊ အတွင်းရေးမှူး ဦးခင်မောင်မြင့် ဖုန်း-၃၈၉၆၅၁(ရုံး)၊ မန္တလေးမှ ဒေါ်တင်တင်ဝါ ဖုန်း-၀၉-၅၀-၁၈၇၄၀၊ ဒေါက်တာတင်ဌေးအိ ဖုန်း-၀၉-၅၀-၀၅၀၃၉၊ ဒေါ်ထားထား ဖုန်း-၀၂-၆၆၇၇၂၊ ဒေါက်တာ နုနုရီ ဖုန်း-၅၈၄၂၁၆၊ ဦးမျိုးသွင် ဖုန်း-၀၂-၆၀၃၉၁၊ နေပြည်တော် ပျဉ်းမနား ဦးလှဝင်း ဖုန်း-၀၆၇-၂၂၀၆၂၊ တောင်ကြီး ဦးသောင်းနိုင် ဖုန်း-၀၃၄-၃၂၀၉၆၊ တောင်ငူ ဒေါက်တာခင်ချစ်ချစ် ဖုန်း-၀၉-၅၃-၅၀၉၅၈၊ ဦးမြင့်ဦး ဖုန်း-၀၅၄-၂၄၄၁၇၊ တောင်ကြီး ဦးဝင်းဦး ဖုန်း-၀၈၁-၂၂၈၆၇၊ပဲခူး ဦးစိုးလွင်ဖုန်း-၀၉-၅၃-၀၀၅၄၆၊ပေါင်းတည် ဒေါ်သဇင်စိုး ဖုန်း-၀၅၇-၄၀၀၁၉တို့ အပြင် ဦးတင်ဝင်းလှိုင် ဖုန်း-၀၉-၅၁-၁၃၈၃၃၊ ဒေါ်ခင်သင်းဝေ ဖုန်း-၀၉-၅၁-၄၄၈၁၂၊ ဒေါ်နှင်းနှင်းအေး ဖုန်း-၀၉-၅၁-၈၉၄၃၈၊ ဦးထိန်လင်းဦး ဖုန်း-၀၉-၀၈-၂၃၉၃၅၊ ဒေါ်ပြုံးပြုံးအေး ဖုန်း-၀၉-၅၁-၆၀၆၉၀၊ ဒေါ်မေမေထွန်းအေး ဖုန်း-၇၀၄၁၆၈၊ ဒေါ်ရီမာသန့် ဖုန်း-၀၉-၅၀-၁၇၅၀၂၊ ဒေါ်နီလာစိန် ဖုန်း-၀၉-၅၀-၁၃၃၃၈၊ ဒေါက်တာမြင့်သူမြိုင် ဖုန်း-၀၉-၅၀-၃၄၉၅၉၊ ဒေါ်တင်တင်သက် ဖုန်း-၆၄၄၇၃၅၊ ဦးအောင်မြင့် ဖုန်း-၀၄၂-၂၄၃၈၁၊ ပြည် ဦးဝင်းရွှေ ဖုန်း-၀၅၃-၂၁၄၄၆၊ ဒေါ်ဝေဝေမြင့်နှင့် ဒေါ်ခင်ဆွေဦး ဖုန်း-၀၉-၅၀-၁၇၀၇၆ နှင့် ဒေါ်နီလာထွန်း ဖုန်း-၀၉-၉၉-၂၀၂၁၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးစိုးလွင် နိုဝင်ဘာ ၁၃ရက်က လက်ပံတန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဆောင်ရွက်သော မန်ကျည်းကွင်း(အနောက်)ကျေးရွာ နှစ်လက်မ စက်ရေတွင်း ဆောင်ရွက်ပြီးစီးမှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးနေမန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်စံပယ်ချစ်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စည်းလုံးခြင်းသည် အင်အား ရုပ်တု ဆောင်ရွက်

ဖားကန့် ဒီဇင်ဘာ ၅

ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဖားကန့်မြို့ ငှက်ပျောတောရပ်ကွက်တွင် စည်းလုံးခြင်းသည်အင်အား ရုပ်တုကို လက်ထောက်အင်ဂျင်နီယာ ဦးဇင်မင်းထွန်းနှင့်အဖွဲ့ ဝန်ထမ်းများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၆ရက်က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို အမှုဆောင်အရာရှိ ဦးမြင့်အောင် ကြပ်မတ်ဆောင်ရွက်ပေးကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် မြို့ပြလမ်းလုပ်ငန်းဖြစ်သော အနော်ရထာလမ်းကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးနီထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ လက်ထောက်အင်ဂျင်နီယာ ဦးအောင်မြင့်သန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)



စက်စဲအထက(ခွဲ) ပညာရည်ချွန်ဆုချီးမြှင့်

သံဖြူဇရပ် ဒီဇင်ဘာ ၁၂

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်စက်စဲစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၏ ၂၀၀၇-၂၀၀၈ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည် စည်းဝေးပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၄ ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမှုဆောင်သစ်များကို ရွေးချယ် တင်မြှောက်ပြီး ဆုရကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ချီးမြှင့်

ထို့နောက် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သံဖြူဇရပ်မြို့နယ်၌ အောင်ချက်အကောင်းဆုံးကျောင်း၊ ဒုတိယဆုရ စက်စဲစံပြကျေးရွာ အထက်တန်းကျောင်းခွဲ ကျောင်းအုပ်ကြီး ဦးမင်းသောင်းညွှန့်အား ရွှေစင်ဆုကို သဘာပတိ ဦးခင်မောင်ဦးက ပေးအပ်ချီးမြှင့်ကြသည်။

လှူဒါန်း

ထို့နောက် စက်စဲအထက်တန်းကျောင်းခွဲနှင့် တစ်ဆက်တည်းရှိနေသော တန်ဖိုးငွေကျပ် သိန်း ၆၀ရှိ မြေသုံးဧကကို အလှူရှင် ဒေါ်အုံးရင်မိသားစုနှင့်ဦးလှထွန်း၊ ဒေါ်နွေးနွေးခင် မိသားစုက ကျောင်းပိုင်မြေ အဖြစ် လှူဒါန်းကြကြောင်း သိရသည်။ **(ပညာရေး)**

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှိုင် မင်းလှမြို့နယ်စည်ပင်သာယာရေးအဖွဲ့ဆောင်ရွက်သော ကျောင်းလမ်း ကျောက်များခင်းကျင်းထားမှုကိုကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဘုန်းမောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်ဝင်းတို့က ရှင်းလင်းတင်ပြစဉ်။(မြို့နယ်စည်ပင်)

စဥ့်ကိုင်မြို့နယ် အင်းလျားမြကန်သာ စာကြည့်တိုက်အဆောက်အအုံဖွင့်

စဥ့်ကိုင် ဒီဇင်ဘာ ၄

ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့နယ် ကံသာအေးကျေးရွာ အင်းလျားမြကန်သာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၅ရက် နံနက် ၈နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ပလိပ်ကျေးရွာ အုပ်စုဥက္ကဋ္ဌ ဦးမျိုးသိန်းက အဖွင့်အမှာစကားပြောကြားပြီး စဥ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝေဝေဖြိုးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ လှူဒါန်းပွဲအခမ်းအနားကို ကျင်းပရာ ဒေါ်ပြည့်ပြည့်ဝင်း မိသားစုက ငွေကျပ်၅၀၀၀၀၊ ဦးမြင့်စိုး မိသားစုက ငွေကျပ်၅၀၀၀၀၊ ဦးတိုးလှိုင်မိသားစုက ငွေကျပ် ၂၂၀၀၀၊ ကျေးရွာလူငယ်များက ငွေကျပ် ၄၀၀၀၀၊ ဦးကြည်တင် မိသားစုက ငွေကျပ် ၁၅၀၀၀၊ ဦးအောင်ကျော်ထွေး-မစန္ဒာဝင်း(ငွေဖလားမီးဖို) မိသားစုက ငွေကျပ်၁၀၀၀၀၊ဦးအောင်မောင်း-ဒေါ်တင်စန်း(မြရတနာမီးဖို) မိသားစုက ငွေကျပ် ၁၀၀၀၀၊ ဦးနိုင်ထွန်း (မန္တလေး)က ငွေကျပ် ၂၀၀၀၀ တန်ဖိုးရှိ သုတ၊ ရသ စာအုပ် ၅၀နှင့် ငွေကျပ် ၅၀၀၀၊ ဦးစိန်လှ-ဒေါ်သီ မိသားစုက ငွေကျပ် ၂၀၀၀၀ တန်ဖိုးရှိ သုတရသ စာအုပ် ၅၅အုပ်၊ ဦးမျိုးဇော်-ဒေါ်တင်အေး မိသားစုက ငွေကျပ် ၁၅၀၀၀ တန်ဖိုးရှိ သုတရသစာအုပ် ၃၅အုပ်၊အလှူရှင် ၁၀ဦးက စုပေါင်းလှူဒါန်း ငွေကျပ် ၅၀၀၀၀ တို့ကို လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

ဖွင့်လှစ်

ထို့နောက် စာကြည့်တိုက် အဆောက်အအုံသစ်ကို ပလိပ်ကျေးရွာအုပ်စုဥက္ကဋ္ဌ၊ မြို့နယ် ဦးစီးမှူးနှင့် ကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

(မြို့နယ် ပြန်/ဆက်)

ကျိုက်လတ်မြို့နယ်၌ စံကွက်များရိတ်သိမ်း

ကျိုက်လတ် ဒီဇင်ဘာ ၁၁

ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနသည် ၂၀၀၇-၂၀၀၈ခုနှစ် ကျိုက်လတ်မြို့နယ်၏ မိုးစပါးအထွက်နှုန်း မှန်ကန်စေရေးအတွက် ရိတ်သိမ်းမှုလုပ်ငန်းကို နိုဝင်ဘာ ၂၀ရက်က ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းဦးဆောင်၍ တိုင်းမြေစာရင်း ဦးစီးဌာနမှူး ဦးအောင်တင်မြင့်၊ ဒုတိယတိုင်း မြေစာရင်းဦးစီးမှူး ဦးအောင်ကြည်ဦး၊ ခရိုင်မြေစာရင်းဦးစီးမှူးဦးလှဝင်း၊ မြို့နယ် မြေစာရင်းဦးစီးမှူး ဦးဇော်မင်းနိုင်နှင့် မြို့နယ် စိုက်တိုးမြှင့်အဖွဲ့ဝင်များ လိုက်ပါလျက် လှည်းဆိပ်ကျေးရွာအုပ်စုကွင်း အမှတ်(၁၁၁-A)၊ ဦးပိုင်အမှတ်(၂၇/၂) တောင်သူဦးရင်ထွေး၏(သင့်) အဆင့်အတန်းရှိ ဆင်းသွယ်လတ် စပါးစိုက်ခင်းကို စံကွက်ရိတ်သိမ်းရာ တစ်ဧကအထွက်နှုန်း ၈၁ဒသမ ၆၇တင်း ထွက်ရှိသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် လှည်းဆိပ်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးတွင် မြို့နယ်မြေစာရင်းဝန်ထမ်းများ၊ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ မိုးစပါးများ အချိန်မီရိတ်သိမ်းနိုင်ရေး၊ နွေစပါးနှင့် ဆောင်းသီးနှံများ အပြည့်အဝ ပြန်လည်စိုက်ပျိုးရေးအတွက် လိုအပ်သည်များကို မှာကြားသည်။

ကျိုက်လတ်မြို့နယ်အတွင်း ၂၀၀၇-၂၀၀၈မိုးစပါး ၁၃၆၄၃၁ဧက စိုက်ပျိုးခဲ့ရာ နိုဝင်ဘာ ၂၀ရက်အထိ မိုးစပါး ၁၅၁၉၈ဧက ရိတ်သိမ်းပြီး နွေစပါးနှင့် ဆောင်းသီးနှံများ ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းပဒေသာ

မိတ္ထီလာ အထက(၁)တွင် အာစရိယ ပူဇော်

မိတ္ထီလာ ဒီဇင်ဘာ ၁၀

မိတ္ထီလာမြို့ အထက(၁)၏ ဒွါဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၃ရက်က အထက(၁)ကျောင်းဆောင်၌ ကျင်းပသည်။ အာစရိယပူဇော်ပွဲတွင် ကျောင်းသူဟောင်းဒေါ်စန္ဒာသန်းက ဆရာ ဆရာမကြီးများအား ရတုပိုဒ်စုံဖြင့်ပူဇော်ပြီး ကျောင်းသား ကျောင်းသူများက ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ကြသည်။ **(အပေါ်ပုံ)** ဆရာ ဆရာမကြီးများကိုယ်စား ဆရာမကြီးဒေါ်စန်းစန်းက ဆုံးမဩဝါဒစကားပြောကြားပြီး ၂၀၀၈ခုနှစ် ပညာရည်ချွန်ဆုရကျောင်းသား ကျောင်းသူများကိုကျောင်းသားကျောင်းသူဟောင်းများကပညာရည်ချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

ယခုနှစ် အာစရိယပူဇော်ပွဲတွင် သက်ရှိဆရာ ဆရာမ ၁၄၂ဦးတို့အား တစ်ဦးလျှင် ငွေကျပ်၂၀၀၀၀စီဖြင့်ပူဇော်ကန်တော့ကြသည်။ အာစရိယပူဇော်ပွဲအပြီးတွင် ဆရာ ဆရာမကြီးများအား နံနက်စာဖြင့် ဧည့်ခံကျွေးမွေးကြသည်။ **(၀၈၆)**

စာကြည့်တိုက်ပညာသင်တန်း သံတောင်ကြီးမြို့၌ ဖွင့်လှစ်

သံတောင်ကြီး ဒီဇင်ဘာ ၁၀

သံတောင်ကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း (၂/၂၀၀၈) သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၂၉ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌဦးစောခူးရီက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး စောတီမသေက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စာကြည့်တိုက် လက်ထောက်(၃)နော်လော်မူနှင့် ရပ်/သံကျွမ်းကျင်(၃)နော်ဝုတ်စတီးတို့က စာကြည့်တိုက်ပညာရပ်များကို ပို့ချဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

သန်လျင်မြို့ မြို့မ ရေစက်ရုံမှ ရေပေးဝေမှုကို ဒီဇင်ဘာ ၆ရက်က ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးဇော်မျိုးအောင် ကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာမှူး ဦးမြင့်စိုးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မတ်ပဲစိုက်ခင်း၌ နေကြာသီးညှပ်စိုက်ပျိုးနည်း သရုပ်ပြ

ကျိုက်လတ် ဒီဇင်ဘာ ၈

ဧရာဝတီတိုင်း ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် ကျိုက်လတ်-မအူပင်ကားလမ်းဘေး သာယာဝဲကျေးရွာ၌ ဒီဇင်ဘာ၄ရက် နံနက် ၉ နာရီခွဲက တောင်သူ ဒေါ်ရွှေဖိုးပိုင် လယ်မြေဆောင်းသီးနှံ မတ်ပဲစိုက်ခင်း၌ နေကြာသီးညှပ်စိုက်ပျိုး နည်းစနစ် သရုပ်ပြပွဲအခမ်းအနားကို ကျင်းပသည်။ (အပေါ်ပုံ)

အဆိုပါ အခမ်းအနားကျင်းပရာသို့ ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဘုန်းမြင့်နှင့် ခရိုင်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်သန်းဇော်နှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တောင်သူများ စုစုပေါင်းအင်အား ၃၂၇ဦး တက်ရောက်ကြကြောင်း သိရသည်။
(မြို့နယ်ထွေ/အုပ်ဦးစီး)

ရေနံချောင်းမြို့နယ်၌ စာကြည့်တိုက် အဆောက်အအုံဖွင့်

ရေနံချောင်း ဒီဇင်ဘာ ၂

ရေနံချောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ ရုံးဆိပ်ကျွန်းအုပ်စု ရုံးဆိပ်ကျွန်းကျေးရွာ ပညာရေးဆောင် စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂ရက်က ကျင်းပသည်။

လွှဲပြောင်း

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးသိန်းဇော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အလုပ်အမှုဆောင် ဦးဝင်းတင်က စာကြည့်တိုက်များဖွင့်လှစ်ရခြင်း အကျိုးကျေးဇူးကိုလည်းကောင်း၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးနွဲ့က စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ခြင်းအကျိုးကျေးဇူးကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကာ ဖွင့်ပွဲအထိမ်းအမှတ်အလံကို ရုံးဆိပ်ကျွန်းကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးမြင့်လွင်သို့ လွှဲပြောင်းပေးအပ်သည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ပေါင်မြို့၌ ပညာပေးဟောပြော

ပေါင် ဒီဇင်ဘာ ၉

မွန်ပြည်နယ် ပေါင်မြို့နယ် အမျိုးသမီးရေးရာကော်မတီနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော အသိပညာပေးဟောပြောပွဲအခမ်းအနားကို နိုဝင်ဘာ ၁၃ရက် မွန်းလွဲ၁နာရီကပေါင်မြို့အထကရွှေရတုခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် ပညာရေးမှူး ဦးအောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချိုမြတ်မြတ်ထွေးက မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲအုပ် မင်းကိုက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ မသုံးစွဲရေး ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ရေစကြိုပလပဗရှာ အထက ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရေစကြို ဒီဇင်ဘာ ၁၂

မကွေးတိုင်း ရေစကြိုမြို့နယ် ဗလဗရှာ အခြေခံပညာအထက်တန်းကျောင်း၌ တာဝန်ထမ်းဆောင်ခဲ့ကြသော ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများနှင့် ဆရာ ဆရာမများအား ပထမအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၈ရက်တွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူ (အဟောင်း၊အသစ်)များအားလုံး တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။

အဆိုပါ ပူဇော်ပွဲကျင်းပနိုင်ရေးအတွက် အလှူငွေထည့်ဝင်လိုသူများ ရန်ကုန်မြို့မှ ဦးမျိုးဆင့် (ရှင်မတောင်စာပေ) ဖုန်း-၃၈၆၆၁၇၊၀၉-၉၉-၇၂၂၂၁၊ ဦးဝင်းသန်းဦး (ကထိက၊ မြန်မာစာ)ဖုန်း-၅၀၂၈၈၄၊ မန္တလေးမြို့မှ ဦးခင်မောင်ရင် ဖုန်း-၀၉-၂၀-၂၃၂၇၀၊ ဦးခိုင်မင်း ဖုန်း-၀၉-၂၀-၁၅၅၁၄၊ ပခုက္ကူမြို့မှ ဦးအေးကို ဖုန်း-၀၉-၂၃-၀၁၆၈၄၊ ဦးအောင်ဆန်းဦး ဖုန်း-၀၉-၂၃-၀၁၆၂၀၊ ဦးဇော်မြင့် ဖုန်း-၀၉-၂၃-၀၀၈၈၃၊ ဦးစိန်လွင် ဖုန်း-၀၉-၂၃-၀၀၆၇၈၊ မြင်းခြံမြို့မှ ဦးကျော်နိုင်မြင့် ဖုန်း-၀၆၆-၂၂၇၉၄နှင့် ဗလဗ အထကမှ ဦးထွန်းမြင့်အောင် ဖုန်း-၀၆၂-၂၁၉၀၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ပုလော မြို့မဈေး မီးဘေးလုံခြုံရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ ဈေးအကျိုးတော်ဆောင်အဖွဲ့နှင့် ဈေးသူ ဈေးသားများ ပူးပေါင်း၍ ဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို နိုဝင်ဘာ ၂၃ရက်က မြို့နယ်ဥက္ကဋ္ဌဦးညွန့်ငွေ၊ အမှုဆောင်အရာရှိဦးဇော်နိုင်ဦး၊ မြို့နယ်မီးသတ်တာဝန်ခံ ဦးကျော်စိုးနိုင်နှင့် ဈေးအကျိုးတော်ဆောင်အဖွဲ့ ဦးဉာဏ်ထွန်းတို့ ကြီးကြပ်ကြစဉ်။ (မြို့နယ်စည်ပင်)

ယင်းမာပင် ဒီဇင်ဘာ ၉

လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး မွမ်းမံသင်တန်း ယင်းမာပင်မြို့၌ဖွင့်

မုံရွာခရိုင် ယင်းမာပင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးဖွင့်လှစ်သော ရပ်ကွက်၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး မွမ်းမံသင်တန်းကို နိုဝင်ဘာ၂၃ရက်နံနက် ၉နာရီက သာယာအေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်က အမှာ စကားပြောကြားပြီး **(အောက်ပုံ)** မြို့နယ် အတွင်းရေးမှူး ဦးသန်းဇော်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် စည်းမျဉ်း စည်းကမ်းများ ရှင်းလင်း ပြောကြား သည်။

ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိတို့ဆွေးနွေးရမည့် ဘာသာရပ်များအလိုက် ဆွေးနွေးဟောပြောကြသည်။ အဆိုပါ သင်တန်းကို နိုဝင်ဘာ ၂၃ ရက်မှ ၂၉ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဘူးသီးတောင်မြို့နယ် မေယုလမ်းတစ်လျှောက် ပန်းအလှပင်များစိုက်ပျိုး

ဘူးသီးတောင် ဒီဇင်ဘာ ၁၂

ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းမင်းထွန်းတို့သည် ဒီဇင်ဘာ ၃ရက်က မြို့တွင်း မေယုလမ်းတစ်လျှောက် ပန်းအလှပင်များစိုက်ပျိုးခြင်းနှင့် လမ်းကတ်တုံးများဆောင်ရွက်ခြင်းတို့ကို ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မှုခင်း သတင်း

အမျိုးသမီးငယ်တစ်ဦး လုပ်ငန်းလုပ်ကိုင်စဉ် ကုန်တင်ကားဖြတ်ကြိတ်၍ ပွဲချင်းပြီးသေဆုံး

အုတ်တွင်း ဒီဇင်ဘာ ၇

ကမ္ဘောဇကုမ္ပဏီလမ်းပြင်ဆင်ရေးလုပ်သား အမျိုးသမီးငယ်တစ်ဦး လုပ်ငန်းလုပ်ကိုင်နေစဉ် ၁၈ဘီး ကုန်တင်ကားကြီး တစ်စီးက ဖြတ်ကြိတ်သွားသဖြင့် ပွဲချင်းပြီးသေဆုံးရသောဖြစ်ရပ်တစ်ခု ဒီဇင်ဘာ ၁ရက် ညနေပိုင်းက အုတ်တွင်းမြို့၌ ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ သေဆုံးသူ မအေးနွယ် ၂၆နှစ် (ဘ)ဦးအောင်သန်းသည် အခြားလမ်းလုပ်သားများနှင့်အတူ ပဲခူးတိုင်း အုတ်တွင်းမြို့အနီးမိုင်တိုင် ၁၆၅/၁ ရန်ကုန်-မန္တလေးလမ်းတွင် လမ်းပြင်ဆင်ရေးလုပ်ငန်းလုပ်ကိုင်နေစဉ် ရန်ကုန်ဘက်မှ ယာဉ်မောင်း ဇော်မင်းထွန်း(ဘ)ဦးမောင်မောင် မောင်းနှင်လာသည့် သံပေါင်များတင်ဆောင်လာသော နစ်ဆန်း ၁၈ဘီးကားကြီးက လမ်းဘေးကျောက်မှုန့်ပုံတွင် ကျောက်ဆန်ခါချနေသော မအေးနွယ်အား နောက်ဘီးများဖြင့် ဖြတ်ကြိတ်ပြီး လမ်းဘေးသို့ ထိုးကျတိမ်းမှောက်သွားရာ မအေးနွယ်မှာ နေရာတွင် ပွဲချင်းပြီးသေဆုံးသွားသဖြင့် ယာဉ်မောင်းအား အုတ်တွင်းရဲစခန်းမှ ပ/နံပါတ်-၁၅၁၊ ပုဒ်မ-၃၀၄(က)၊ ၃၃၇တို့အရ အမှုဖွင့် အရေးယူထားကြောင်းသိရသည်။ (၁၁၆)

၂၀၀၉ ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့

နေပြည်တော် အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနား ကျင်းပရေးဆပ်ကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၅

၂၀၀၉ခုနှစ် (၆၁)နှစ်မြောက်လွတ်လပ်ရေးနေ့ နေပြည်တော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား ကျင်းပရေး ဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် ပေါင်းလောင်းရိပ်သာရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၀၉ ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ နေပြည်တော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား ကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က ယခင်နှစ်များကဲ့သို့ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရေး ကိစ္စများကို ရှင်းလင်းပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အခမ်းအနားစီမံချက်ကို အခမ်းအနားကျင်းပရေး ဆပ်ကော်မတီအတွင်းရေးမှူး နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး ရဲညွန့်က ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ဆက်လက်၍ သက်ဆိုင်ရာလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက မိမိတို့လုပ်ငန်းအဖွဲ့အလိုက် လုပ်ငန်းများဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို အသီးသီးရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဆပ်ကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **(သတင်းစဉ်)**

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း နည်းပညာသိပ္ပံ

စိတ်ကူးနှင့် အိပ်မက်များအတိုင်း ပုံရိပ်ဖော်နိုင်မည်

ကွန်ပျူတာဖန်သားပြင်ပေါ်တွင် လူ၏အတွေး စိတ်ကူးနှင့် အိပ်မက်များကို ပုံရိပ်အဖြစ်ဖော်ပြနေနိုင်မည့် နည်းပညာတစ်ရပ်ကို ဂျပန်သုတေသန ပညာရှင်အဖွဲ့တစ်ဖွဲ့က တီထွင်နေပြီဖြစ်သည်။

ထုတ်ဖော်ပြသ

လူတစ်ဦး၏ဦးနှောက်တွင် ဖြစ်ပေါ်လာသော အတွေးနှင့် စိတ်ကူးပုံရိပ်ကို ကွန်ပျူတာမျက်နှာပြင်ပေါ်တွင် တစ်ပြိုင်နက်တည်း တိုက်ရိုက်ဖော်ပြနိုင်သည့်စနစ်ကို ထုတ်ဖော်ပြသနိုင်တော့မည်ဖြစ်သည်။

နည်းပညာ

လူ၏ စိတ်ပိုင်းဆိုင်ရာခံစားမှုမှာ အချိန်နှင့်အမျှ ပြောင်းလဲလျက်ရှိရာ ထိုသို့ပြောင်းလဲနေသော စိတ်ခံစားမှုအလိုက် ဦးနှောက်၌ ဖြစ်ပေါ်နေသည့် အလင်းနှင့် ပုံရိပ်များ ထွက်ပေါ်မှုကို စက္ကန့်ပိုင်းအတွင်း ကွန်ပျူတာဖန်သားပြင်ပေါ် ထင်ဟပ်လာစေမည့် နည်းပညာဖြစ်သည်။

ထည့်သွင်းအသုံးပြု

ထို့အပြင် ဦးနှောက်၌ ဖြစ်ပေါ်နေသော သဘာဝစွမ်းအားစက်ကွင်းများ၏ အားကိုယူကာ ကွန်ပျူတာ၌ ပုံဖော်မှုနည်းပညာရရှိစေရန် ကြိုးစားအသုံးပြုခဲ့သည်။ *စာမျက်နှာ ၁၂ ကော်လံ ၁* ■

ရေကြောင်းအတတ်ပညာရှင်များ မွေးထုတ်ပေးလျက်ရှိသည့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်

သန်လျင်မြို့နယ် သီလဝါဒေသရှိ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပင်မနှစ်ထပ်ဆောင်ကို ဤသို့ ခံ့ညားစွာ တွေ့ရသည်။ (မြန်မာ့အလင်း)

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း သန်းဝင်း(သန်လျင် ပြန်/ဆက်)

စာမျက်နှာဖွဲ့စည်းမှု သန်းဇော်(မြန်မာ့အလင်း)

ရန်ကုန် ဒီဇင်ဘာ ၁၅

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် သီလဝါဒေသရှိ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် ဒီဇင်ဘာ ၁၁ရက်က ကျင်းပခဲ့သည့် မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းသီလဝါက သင်ထောက်ကူပစ္စည်းများ ပေးအပ်လှူဒါန်းပွဲနှင့် ပညာသင်ဆုချီးမြှင့်ပွဲသို့ သတင်းမှတ်တမ်းရယူရန် စာရေးသူအား ဖိတ်ကြားခဲ့၍ သီလဝါဒေသရှိ ဧက ၁၁၀ ကျယ်ဝန်းသည့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်သို့ ရောက်ရှိခဲ့သည်။

တက္ကသိုလ်အဝင်ဝတွင် လှပခံ့ညားသော အဝင်မုခ်မှ လှမ်းတွေ့လိုက်ရသည်မှာ ခေတ်မီသပ်ရပ်သော ပင်မနှစ်ထပ်စာသင်ဆောင်ကြီးပင်ဖြစ်သည်။ အခမ်းအနားစတင်ရန် အချိန်စောသေးသဖြင့် တက္ကသိုလ်အတွင်း ကြည့်ရှုလေ့လာခဲ့ရာ မကြာမီပြီးစီးတော့မည့် ခေတ်မီဘွဲ့နှင်းသဘင်ခန်းမ၊ *စာမျက်နှာ ၁၁ ကော်လံ ၁* ●

16-12 (20).pmd 1 12/16/2008, 1:23 AM